မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၀၆၂)

# ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းဓာတ်အားခွဲရုံ၊ ဥက္ကံမြို့ ကျွန်းတောကုန်းဓာတ်အားခွဲရုံ၊ အဖျောက်မြို့အဖျောက်ဓာတ်အားခွဲရုံ ဖွင့်ပွဲများကျင်းပ






ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့ ဥက္ကံမြို့ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကျွန်းတောကုန်းဓာတ်အားခွဲရုံကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

နေပြည်တော် နိုဝင်ဘာ ၃၀

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းဓာတ်အားခွဲရုံ၊ ဥက္ကံမြို့ ကျွန်းတောကုန်း ဓာတ်အားခွဲရုံနှင့် အဖျောက်မြို့ အဖျောက်ဓာတ်အားခွဲရုံတို့၏ ဖွင့်ပွဲအခမ်းအနားများကို ယနေ့တွင် အဆိုပါဓာတ်အားခွဲရုံများ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မကြာမီကျင်းပတော့မည့် နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး ဓာတ်အားသုံးစွဲမှု ၅၀ ရာခိုင်နှုန်းပြည့်မြောက်သည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် ယနေ့တွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံများဖြစ်သည့် မှော်ဘီမြို့နယ် တပ်ကြီးကုန်းဓာတ်အားခွဲရုံ၊ ဥက္ကံမြို့ ကျွန်းတောကုန်းဓာတ်အားခွဲရုံနှင့် အဖျောက်မြို့ အဖျောက်ဓာတ်အားခွဲရုံများအား ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

ယခုအစိုးရလက်ထက်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ပြင်ဆင်ဖွဲ့စည်းခဲ့ချိန်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားရရှိခဲ့ပါကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင်ကဲ့သို့သော စွမ်းအင်အရင်းအမြစ်မျိုးစုံကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား (၉၀၄) မဂ္ဂါဝပ်အားတိုးမြှင့်ထုတ်လုပ်ပေးခြင်းဖြင့် လည်းကောင်း၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများကို ကေဗွီ ၂၃၀ မှ ၅၀၀ သို့ တိုးချဲ့တည်ဆောက်၍ နိုင်ငံတော်ဓာတ်အားစနစ်ကို အဆင့်မြှင့်တင်ခြင်းဖြင့် လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ဓာတ်အားဖြန့်ဖြူးရေးစနစ်တွင် ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❍



၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဥက္ကံမြို့ ကျွန်းတောကုန်း ဓာတ်အားခွဲရုံအား တွေ့ရစဉ်။ သတင်းစဉ်



မြန်မာ့အလင်း

# ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းထူထောင်

သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတများကို အခြေပြု၍ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကချင်ပြည်နယ် စီးပွားရေးနှီးနှောဖလှယ်ပွဲတွင် တိုက်တွန်းခဲ့သည်ကို မကြာသေးသည့် ရက်သတ္တပတ်များအတွင်းက သတင်းများတွင် ဖတ်ရှုခဲ့ရသည်။

ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာတန်ဖိုး၊ အမွေအနှစ်နှင့် သဘာဝအရင်းအမြစ်များအား အကာအကွယ်ပေးခြင်း စသည်တို့ကို ကူညီဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံများ၏ လူနေမှုဘဝ သာယာဝပြောရေးကို အကျိုးပြုနိုင်ပြီး ရပ်ရွာအဆင့်တွင် တည်ထောင်ထားရှိသော၊ ဒေသခံများပိုင်ဆိုင်သော၊ ကိုယ်တိုင်လည်ပတ်၊ စီမံ၊ ဆွေးနွေးပါဝင်နိုင်သည့် ခရီးသွားလုပ်ငန်းကို ဆိုလိုခြင်းဖြစ်သည်ဟု အာဆီယံနိုင်ငံများအကြား အဓိပ္ပာယ်သတ်မှတ်ထားသည်။

ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသခံတို့၏ လူနေမှုဘဝ ဓလေ့ထုံးစံများ၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မပျောက်မပျက်အောင် ထိန်းသိမ်းခြင်း၊ မြှင့်တင်ပေးခြင်းအားဖြင့် ဒေသခံများ၏ လူနေမှုဘဝများမြင့်မားလာပြီး အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာသည့်အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုလည်း အထောက်အကူပြုနိုင်သည်။ လုပ်ငန်း၏သဘောသဘာဝအရ ရပ်ရွာလူထုကိုယ်တိုင် စီမံခန့်ခွဲပါဝင်ဆောင်ရွက်ကြရသည့်အတွက် ကျွမ်းကျင်မှု၊ အတတ်ပညာ၊ နည်းပညာများလည်း မဖြစ်မနေ ဒေသတွင်းသို့ စီးဝင်လာရမည်သာဖြစ်သည်။

မြန်မာနိုင်ငံသည် ထူးခြားသည့် သဘာဝပတ်ဝန်းကျင်များ၊ တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ ထူးခြားသည့် ယဉ်ကျေးမှုများအရ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရန်အလားအလာကောင်းများစွာ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ ၂၀၁၇ ခုနှစ်က ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ တနီးလာလဲနှင့် ပန်ပက်ခရီးစဉ်က အာဆီယံ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဆုကို ရရှိခဲ့ရာ မြန်မာနိုင်ငံအတွင်းရှိ အခြားဒေသအသီးသီးတို့တွင် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာရေး ရေခံမြေခံကောင်းများရှိသည့်ဒေသများတွင် တည်ထောင်သွားရန် သာဓကကောင်းကို ပြသနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသည့်အပြင် အခြားသော ဆက်စပ်စီးပွားရေးလုပ်ငန်းများ တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းသစ်များလည်း ပေါ်ထွန်းလာနိုင်မည်ဖြစ်သည်။

ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများ ဖြစ်ထွန်းရေးအတွက် အဓိကအကျဆုံး အခြေခံလိုအပ်ချက်မှာ ရပ်ရွာတည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုသာလျှင် ရေရှည်တည်တံ့ဖွံ့ဖြိုးသည့် ခရီးသွားလုပ်ငန်းကို တည်ထောင်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ အခြားလိုအပ်ချက်များမှာ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ထိန်းသိမ်းရန်နှင့် မြှင့်တင်ရန်၊ သဘာဝပတ်ဝန်းကျင်သာယာလှပရေးကို ထိန်းသိမ်းရန်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ ခရီးသွားဧည့်သည် အရောက်အပေါက်များသည့် နေရာဒေသတိုင်းတွင် အဓိကတွေ့ရသည့် ပြဿနာမှာ အမှိုက်စွန့်ပစ်မှုနှင့် သန့်စင်ခန်းများ အားနည်းမှုဖြစ်သည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းတွင် အမှိုက်နှင့် သန့်စင်ခန်းများကို နိုင်နင်းစွာကိုင်တွယ်ဖြေရှင်းထားနိုင်သည့်အပြင် ဒေသခံပြည်သူများရော ဧည့်သည်များပါ စည်းကမ်းတကျ အမှိုက်ပစ်ခြင်း၊ သန့်စင်ခန်းကို စနစ်တကျသုံးစွဲခြင်းတို့ ပြုကြသည်ကို တွေ့ရသည်။

ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းဖြစ်သည့်အလျောက် သဘာဝပတ်ဝန်းကျင်၊ ရိုးရာယဉ်ကျေးမှုများ၊ ထူးခြားသည့် လူမှုဘဝဟန်ပန်များ စသည့် မိမိတို့ဒေသ၏ ရှိပြီးအရင်းအမြစ်များကို အခြေပြုကာ ခရီးသွားဧည့်သည်တို့ကို ဆွဲဆောင်နိုင်ရန် စီမံခန့်ခွဲမှုကောင်းကောင်း၊ စိတ်ကူးအကြံဉာဏ်ကောင်းကောင်း၊ ဧည့်ဝတ်ကျေပွန်မှုကောင်းကောင်းတို့ဖြင့် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းတို့ကို ထူထောင်လုပ်ကိုင်နိုင်ကြပါစေကြောင်း။ ။





လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မကွေး)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၄၊ ၁၅၊ ၁၆) ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)
နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ မကွေးတက္ကသိုလ်ဝင်းအတွင်းကျင်းပမည်ဖြစ်၍ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။


## ညအပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရန်ကုန်၊ မန္တလေးမြို့နှင့် နေပြည်တော်တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ

## စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်းဖွင့်ပွဲနှင့် ပဲတီစိမ်းပညာပေးသင်တန်း ဖွင့်လှစ်

**ကဝ နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အဒူးကျေးရွာ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုစခန်းဖွင့်လှစ်ခြင်းနှင့် ပဲမျိုးစုံ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများသင်တန်းကို နိုဝင်ဘာ ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းတို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းက ပဲမျိုးစုံသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းသည်။ ယင်းနောက် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (အောက်ပုံ)

ယင်းနောက် ခရိုင်မှ ဘာသာရပ်ဆိုင်ရာ ဆရာမများက ပဲမျိုးစုံသင်တန်းကို သင်ကြားပို့ချခဲ့ပြီး တောင်သူများ၏ မေးမြန်းချက်များကို ဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## အမျိုးသားပတ်ဝန်းကျင်ရေးရာ ပင်မလုပ်ငန်းအစီအစဉ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

အမျိုးသားပတ်ဝန်းကျင်ရေးရာ ပင်မလုပ်ငန်းအစီအစဉ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ ဌာနေကိုယ်စားလှယ် Mr. Gordon E.Johnson က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် အမျိုးသားပတ်ဝန်းကျင်ရေးရာ ပင်မလုပ်ငန်းအစီအစဉ်၏ ရည်မှန်းချက်များ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပတ်ဝန်းကျင်ရေးရာ ဦးစားပေးကဏ္ဍများနှင့် စီမံအုပ်ချုပ်မှုများ၊ ဦးစားပေးကဏ္ဍများ၊ ရည်မှန်းချက်များ၊ ညွှန်ကိန်းများ၊ ဦးဆောင်အဖွဲ့အစည်း သတ်မှတ်ခြင်းနှင့် ကာလ သတ်မှတ်ခြင်းများ၊ ပတ်ဝန်းကျင်၊ ရာသီဥတုပြောင်းလဲမှုနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာတို့ကို တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

အမျိုးသားအဆင့် ပတ်ဝန်းကျင်ရေးရာ ပင်မလုပ်ငန်းအစီအစဉ်ကို ပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာမူဘောင်၏ အဓိကဦးစားပေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရေးဆွဲခဲ့ကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ပြောကြားသည်။

အဆိုပါ ပင်မလုပ်ငန်းအစီအစဉ်တွင် အမျိုးသားအဆင့် လေထုနှင့် ရေထုအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်များ၊ ပတ်ဝန်းကျင်စောင့်ကြည့်စစ်ဆေးရေးအစီအစဉ်များ ပါဝင်ပြီး ဇီဝမျိုးစုံမျိုးကွဲ၊ မြေအသုံးချမှု၊ ကမ်းရိုးတန်းဂေဟစနစ်၊ ရေအရင်းအမြစ်နှင့် မြစ်ဝှမ်းများ သန့်ရှင်းကောင်းမွန်စွာ လည်ပတ်ရေးအပြင် စွမ်းအင်၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစသည့် နယ်ပယ်အလိုက် အသေးစိတ်အကောင်အထည်ဖော်ရမည့် အချက်အလက်များကို ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။ **သတင်းစဉ်**




အမျိုးသားပတ်ဝန်းကျင်ရေးရာ ပင်မလုပ်ငန်းအစီအစဉ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

## ကိုရီးယားသမ္မတနိုင်ငံမှ ကွန်ပျူတာပစ္စည်းများ လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၃၀–** နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၂၈ ရက်က ကိုရီးယားသမ္မတနိုင်ငံ Sejong City Office of Education (SCOE) မှ လှူဒါန်းထားသော ကွန်ပျူတာပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပသည်။

အခြေခံပညာဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်အောင်ရီက အမှာစကားပြောကြားပြီး SCOE မှ မစ္စတာကွမ်းရောင်ဟန်က လှူဒါန်းသော ကွန်ပျူတာအလုံး ၃၀ နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ အထက(၅) နေပြည်တော် ကျောင်းအုပ်ဆရာမကြီး ဒေါ်လွဲ့လွဲ့ဝင်းက လက်ခံရယူသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ဘားအံမြို့၌ သံဃာတော်၊ သီလရှင် အပါး ၅၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃၀

**ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းကျင်းပသည့် သံဃာတော်၊ သီလရှင် အပါး ၅၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် ဘားအံမြို့ရှိ လေယာဉ်ကွင်း၌ ကျင်းပသည်။**

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညောင်ရွှေမြို့ မိုင်းသောက်စာသင်တိုက် ပဓာန နာယက ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တသုမင်္ဂလထံမှ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည်၊ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင် ထွေးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ ကရင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစော ချစ်ခင်နှင့် ဧည့်ပရိသတ်များက ငါးပါး သီလခံယူဆောက်တည်ကြပြီး ဆရာ တော်၊ သံဃာတော်အရှင်သူမြတ်များ ထံမှ ပရိတ်တရားတော်များ နာယူ ကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မွန်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း တို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုနှင့် စေတနာ ရှင် ပြည်သူများက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဆရာတော်ကြီး များ၊ ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ကြွရောက်တော်မူကြသော သံဃာ တော်၊ သီလရှင်အပါး ၅၀၀၀ အား လှူဖွယ်ဝတ္ထုနှင့် ဆွမ်းဆန်စိမ်းတို့ကို လောင်းလှူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ မြကျိုင်းတောင် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ကောင်းမှုတော် စေတီ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော် တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက် ၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ တင်လှူပူဇော် ကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုသည်





သံဃာတော်၊ သီလရှင် အပါး ၅၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။



သံဃာတော်၊ သီလရှင် အပါး ၅၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲတွင် သံဃာတော်၊ သီလရှင်များအား စေတနာရှင်ပြည်သူများက လှူဖွယ် ဝတ္ထုနှင့် ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။

ရှေးဟောင်းသမိုင်းဝင် သုဝဏ္ဏဘုမ္မိ ဂဝံယဉ်ကျေးမှု သုတေသနပြတိုက် အဆောက်အအုံ တည်ဆောက်နေမှုနှင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာရှိ စေတီများတွင် တင်လှူပူဇော်မည့် ထီးတော်များ ပြုလုပ်နေမှုကို သွားရောက်ကြည့်ရှု သည်။ **သတင်းစဉ်**



သံဃာတော်များအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ဇနီး ဒေါ်နန့်ကြင်ကြည် လှူဖွယ်ဝတ္ထုနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူစဉ်။



သံဃာတော်များအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် လှူဖွယ်ဝတ္ထုနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူစဉ်။




ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းဓာတ်အားခွဲရုံ၊ ဥက္ကံမြို့ ကျွန်းတောကုန်းဓာတ်အားခွဲရုံနှင့် အဖျောက်မြို့ အဖျောက်ဓာတ်အားခွဲရုံတို့၏ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

# ◆ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၅၅ ရာခိုင်နှုန်း ၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်

❍ *ရွှေဖုံးမှ*

ဗို့ ၄၀၀ ဓာတ်အားလိုင်းနှင့် ခွဲရုံများ စုစုပေါင်း မိုင် ၁၉၆၀၀ ကျော်နှင့် ၁၂၆၃၆ အမ်ဗွီအေအား ၂၀၁၆ ခုနှစ်မှစတင်၍ ၃ နှစ်ခွဲကာလအတွင်း တိုးချဲ့ တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ တစ်ဖက်တွင်လည်း ဓာတ်အားစနစ်မှတိုးချဲ့၍ ကျေးလက်မီးလင်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယခုအချိန်တွင် မြို့ပေါင်း ၃၆၈ မြို့နှင့် ကျေးရွာစုစုပေါင်း ၁၆၉၄၁ ကျော် ဓာတ်အားရရှိပြီးဖြစ်ကာ မကြာမီကာလတွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း။

## ကျေးရွာများ ၂၀၂၀ ပြည့်နှစ်ကုန်တွင် ဓာတ်အားရရှိရန် ဆောင်ရွက်လျက်ရှိ

ဆက်လက်၍လည်း ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၅၅ ရာခိုင်နှုန်း ၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပထမအဆင့်အနေဖြင့် ဓာတ်အားစနစ်မှ (၂)မိုင်အတွင်းရှိ ကျေးရွာများ ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတို့အသုံးပြု၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအားလုံး ၂၀၂၀ ပြည့်နှစ်ကုန်တွင် လျှပ်စစ်ဓာတ်အားရရှိရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၃၇၉၈ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၏ အမြင့်ဆုံးဓာတ်အားသုံးစွဲမှုသည် ၁၅၄၈ မဂ္ဂါဝပ်ခန့်ရှိရာ တစ်နိုင်ငံလုံး၏ ထက်ဝက်နီးပါး သုံးစွဲလျက်ရှိပါကြောင်း။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးတွင် တိုးတက်သုံးစွဲလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက် (Demand) ကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ အလုံဓာတ်အားပေးစက်ရုံ စီမံကိန်း ၁၅၁ မဂ္ဂါဝပ်(Combined Circle Power Plant) သန်လျင် LNG သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ၃၅၀ မဂ္ဂါဝပ်နှင့် သာကေတ LNG သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ၄၀၀ မဂ္ဂါဝပ်တို့ကို အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် မေလခန့်တွင် ပြီးစီးနိုင်ရေးကိုလည်း ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

## ကျေးရွာ ၁၄ ရွာ၊ အိမ်ထောင်စု ၁၅၂၀ ဓာတ်အားထပ်မံသုံးစွဲခွင့်ရရှိ

ယနေ့ဖွင့်လှစ်နိုင်ခဲ့သည့် ခွဲရုံများကြောင့် မှော်ဘီမြို့နယ်တွင် အိမ်ထောင်စု ၄၂၆၆၈ စု ရှိသည့်အနက် နောက်ထပ်ကျေးရွာပေါင်း ၁၄ ရွာ၊ အိမ်ထောင်စု ၁၅၂၀ စုကို ဓာတ်အားစနစ်မှ တည်ငြိမ်သောလျှပ်စစ်ဓာတ်အားဖြင့် ထပ်မံသုံးစွဲခွင့်ရရှိသွားမည် ဖြစ်ပါကြောင်း၊ အလားတူ ဥက္ကံမြို့တွင်လည်း အိမ်ထောင်စု ၁၉၅၉၇ စု ရှိသည့်အနက် နောက်ထပ်ကျေးရွာပေါင်း ၅၀ အိမ်ထောင်စု ၃၈၀၃ စု ဓာတ်အားစနစ်မှ ထပ်မံဓာတ်အားသုံးစွဲခွင့် ရရှိသွားမည် ဖြစ်ပါကြောင်း၊ ၎င်းအပြင် အဖျောက်မြို့တွင်လည်း အိမ်ထောင်စု ၈၈၇၁ စုရှိသည့်အနက် နောက်ထပ် ကျေးရွာပေါင်း (၂) ရွာ အိမ်ထောင်စု ၂၅၄ စု ဓာတ်အားစနစ်မှ ထပ်မံဓာတ်အား သုံးစွဲခွင့်ရရှိသွားမည် ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်မှ ငွေကျပ် သန်း ၂၈၉၀ ခန့်ကုန်ကျခဲ့ပါကြောင်း၊ အဆိုပါဓာတ်အားခွဲရုံများမှ တစ်ဆင့် အနီးဝန်းကျင်ဒေသရှိ မြို့ပြနှင့် ကျေးလက်နေပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းအောင် လျှပ်စစ်ဓာတ်အားကို ပိုမိုဖြန့်ဖြူးပေးနိုင်ပြီ ဖြစ်ပါကြောင်း၊ ယင်းသို့ လျှပ်စစ်ဓာတ်အားကို ဒေသတစ်ဝန်း သုံးစွဲနိုင်ခြင်းကြောင့် ပြည်သူတို့၏ လူနေမှုဘဝများသည်လည်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါကြောင်း။

## တစ်နိုင်ငံလုံး ဓာတ်အားရရှိသုံးစွဲနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိမည်

ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းဖြင့် တိုးချဲ့ဓာတ်အားပေးမည့် ကျေးရွာများသာမက အနီးပတ်ဝန်းကျင်ဒေသရှိ မြို့နှင့် ကျေးရွာများသည်လည်း ဗို့အားပြည့်ဝစွာအသုံးပြု နိုင်မည်ဖြစ်သည့်အပြင် ဓာတ်အားလိုင်းများ၏ Lossess များကိုလည်း လျှော့ချသွားနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအကျဆုံးသည် လျှပ်စစ်မီးဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည့်အပြင် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိလာသည်နှင့်အမျှ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့် ကဏ္ဍအားလုံးတွင် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြည်သူတစ်ရပ်လုံးမှလည်း ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြရန်နှင့် ဓာတ်အားရရှိသုံးစွဲနိုင်ခြင်း မရှိသေးသည့် ဒေသများကို ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပြည်သူများမှလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန်ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ဓာတ်အားခွဲရုံများ ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး မှော်ဘီမြို့နယ် တိုင်းဒေသကြီးအမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့် တပ်ကြီးကုန်းကျေးရွာ ရပ်မိရပ်ဖ ဦးကိုကြီးတို့က ဓာတ်အားခွဲရုံများ ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

ယင်းနောက် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ တပ်ကြီးကုန်းဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနား မှခ်ဦးအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၁)လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ တပ်ကြီးကုန်းဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနား ကမ္ပည်းကျောက်စာမော်ကွန်းအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကျွန်းတောကုန်းဓာတ်အားခွဲရုံနှင့် အဖျောက်ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနား မှခ်ဦးများအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးအမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှိန်၊ အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ဓာတ်အားခွဲရုံများ၏ ကမ္ပည်းကျောက်စာမော်ကွန်းများအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဓာတ်အားခွဲရုံများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ❑ ယနေ့ ဖွင့်လှစ်နိုင်ခဲ့သည့် ခွဲရုံများကြောင့် မှော်ဘီမြို့နယ်တွင် အိမ်ထောင်စု ၄၂၆၆၈ စု ရှိသည့်အနက် နောက်ထပ် ကျေးရွာပေါင်း ၁၄ ရွာ၊ အိမ်ထောင်စု ၁၅၂၀ စုကို ဓာတ်အားစနစ်မှ တည်ငြိမ်သောလျှပ်စစ်ဓာတ်အားဖြင့် ထပ်မံသုံးစွဲခွင့် ရရှိသွားမည်

## တပ်ကြီးကုန်း ဓာတ်အားခွဲရုံ ဖဲကြိုးဖြတ်ဖွင့်

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် လွှတ်တော်ကိုယ်စားလှယ်များက မှော်ဘီမြို့နယ် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ တပ်ကြီးကုန်း ဓာတ်အားခွဲရုံဖွင့်ပွဲမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်း-ရွှေဖုံး)

သတင်းစဉ်




# ခြောက်လအတွင်း နိုင်ငံပေါင်း ၄၅ နိုင်ငံကို ဆိုင်ကယ်စီးနင်းကမ္ဘာပတ်ခဲ့သည့် မြန်မာလူငယ်နှစ်ဦး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၃၀

**၂၀၁၉ ခုနှစ် မေ ၂၆ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာပြီး ဆိုင်ကယ်ဖြင့် ကမ္ဘာပတ်ခဲ့သည့် မြန်မာလူငယ်နှစ်ဦးသည် ခြောက်လတာအတွင်း နိုင်ငံပေါင်း ၄၅ နိုင်ငံကို ဖြတ်သန်းစီးနင်းခဲ့ပြီးနောက် ယနေ့ မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့သို့ အောင်မြင်စွာ ပြန်လည်ရောက်ရှိလာသည်။**

**မိုင်ပေါင်း ၃၅၀၀၀ ကျော် စီးနင်း**

Motourlogue ခရီးစဉ်ကို စတင်ခဲ့သည့် ကိုအောင်ကျော်ဝင်းနှင့် ကိုစိုင်းဇွမ်ဖတို့သည် ပထမသုံးလတာကာလအတွင်း နိုင်ငံပေါင်း ၁၉ နိုင်ငံကို ဖြတ်ကျော်ပြီး မြန်မာနိုင်ငံမှ ဗြိတိန်အထိ အောင်မြင်စွာ စီးနင်းနိုင်ခဲ့သည်။ ယင်းနောက် တူရကီ၊ အီရန်နှင့် ပါကစ္စတန် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံကို ဆက်လက်စီးနင်း ဖြတ်ကျော်ကာ မိုင်ပေါင်း ၃၅၀၀၀ ကျော် စီးနင်းပြီးသည့်နောက် နိုဝင်ဘာ ၂၇ ရက်တွင် အိန္ဒိယနိုင်ငံ မိုရေးမှတစ်ဆင့် တမူး-ကလေးလမ်းကို ဖြတ်ကျော်ကာ မြန်မာနိုင်ငံအတွင်းသို့ ဆိုင်ကယ်ဖြင့် ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

ကိုအောင်ကျော်ဝင်းနှင့် ကိုစိုင်းဇွမ်ဖတို့သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားရှေ့ ပြည်သူ့ရင်ပြင်တွင် ခရီးစဉ်အောင်မြင်ရေးအတွက် ပံ့ပိုးခဲ့သူများ၊ ခရီးစဉ်တစ်လျှောက် အားပေးကူညီသူများ၊ ဆိုင်ကယ်ချစ်သူများနှင့် တွေ့ဆုံပြီး ခရီးစဉ် အောင်မြင်ပြီးမြောက်မှုအဖြစ် အတူအောင်ပွဲခံခဲ့ကြသည်။

ထို့ပြင် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ ရန်ကုန်ရွက်လှေအသင်းတွင် Main Energy Partner ဖြစ်သည့် MPRL E & P က ပံ့ပိုးသည့် အတွေ့အကြုံရှင်းလင်းပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။ (အောက်ပုံ)



မော်တော်ဆိုင်ကယ်ဖြင့် ကမ္ဘာပတ်စီးနင်းခဲ့သည့် မြန်မာလူငယ် ကိုအောင်ကျော်ဝင်းနှင့် ကိုစိုင်းဇွမ်ဖတို့အား ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)




**လူမှုမီဒီယာများမှ အသိပေး**

အဆိုပါခရီးစဉ်တွင် ခရီးစဉ်တစ်လျှောက် ဆိုင်ကယ်စီးနင်းဖြတ်ကျော်ရာတွင် ရောက်ရှိခဲ့သည့်နိုင်ငံများ၊ ဒေသအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့စရိုက်၊ အစားအစာ၊ လူနေထိုင်မှုဘဝများနှင့် သာယာလှပသည့် ရှုခင်းရှုကွက်များကို Motourlogue ပရိသတ်များနှင့် ဆိုင်ကယ်ချစ်သူများအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် လူမှုမီဒီယာများမှတစ်ဆင့် အသိပေးတင်ပြနိုင်ခဲ့သည်။

အလားတူ နိုင်ငံအလိုက် ဆိုင်ကယ်ချစ်သူများ အဖွဲ့၏ ဧည့်ဝတ်ပြု ကြိုဆိုမှုများ၊ စပိန်နိုင်ငံတွင်ကျင်းပသည့် BMW motorrad day တွင် ဝင်ရောက်ဆင်နွှဲခဲ့မှုများ၊ DGR 2019 အခမ်းအနားတွင် ပါဝင်လှုပ်ရှားမှုများလည်း ခရီးစဉ်ဆိုင်ရာ တင်ပြမှုများတွင် ပါဝင်ခဲ့သည်။

**မလျှော့သည့် ဖွဲလုံ့လနှင့်ကျော်ဖြတ်**

Motourlogue ခရီးသွားနှစ်ဦး ရောက်ရှိသည့် နိုင်ငံများတွင် မြန်မာနိုင်ငံ၏ပုံရိပ်နှင့် မြန်မာအမျိုးသားတို့၏ မလျှော့သည့် ဖွဲလုံ့လနှင့် ကြံ့ကြံ့ခံကျော်ဖြတ်နိုင်မှုများကို ပြသနိုင်ခဲ့သည်။

မိုင်ပေါင်း ၃၅၀၀၀ ကျော်ကို ဆိုင်ကယ်စီးနင်းကာ စွမ်းအင်အသုံးပြုသွားလာရသည့် ခရီးစဉ်ကို မြန်မာအမျိုးသားပိုင် စွမ်းအင်ကုမ္ပဏီဖြစ်သည့် MPRL E & P Pte Ltd. က Main Energy Partner အဖြစ် ပံ့ပိုးခဲ့ပြီး ခရီးစဉ်တစ်လျှောက် အတွေ့အကြုံများကို လူမှုမီဒီယာများမှတစ်ဆင့် အသိပေးတင်ဆက်မှုများလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့အကြီးဆုံး သစ်သားပန်းပုပြပွဲ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲ ကျင်းပလျက်ရှိ

ပဲခူး နိုဝင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ၁၀ မိုင်ကုန်းရှိ ရွှေပြည်ပန်းပုရွာ (Shwe Pyi Resort)တွင် ကမ္ဘာ့အကြီးဆုံး သစ်သားပန်းပုပြပွဲ ပြိုင်ပွဲနှင့် အဌမအကြိမ်မြောက် ပန်းပုဆုပေးပွဲကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ဖွင့်လှစ်ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကျရောက်ခဲ့ပြီးနောက်ပိုင်း ၂၀၀၉ ခုနှစ်မှစတင်ကာ ရန်ကုန်မြို့ ဆရာစံပလာဇာတွင် ခုနစ်ကြိမ်ကျင်းပခဲ့ပြီး ပဲခူးမြို့တွင် ကျင်းပခြင်းဖြစ်ကြောင်း၊ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ပြပွဲပြိုင်ပွဲလာ ပြည်တွင်းပြည်ပ အနုပညာမြတ်နိုးသူများအတွက် မြန်မာ့ပန်းပုလက်ရာများ အလွယ်တကူ ဝယ်ယူရရှိနိုင်ရန် ဆိုင်ခန်းပေါင်း ၃၀ ကျော်ဖြင့် ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**



## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာ အေဝမ်းမောင်တင်ယုနှင့် ရုပ်ရှင်စကားဝိုင်း

*နိုဝင်ဘာ ၂၉ ရက်နေ့မှအဆက်*

**ကြည်စိုးထွန်း** ။ ။ 'မြတဘက်' လည်း နာမည် ကြီးတာပဲ ဆရာ။ ကျွန်တော် မှတ်မိတယ် 'မြတဘက်' က အေးကြူကနေပြီးတော့ ဒါ ရာဇဝင် ဇာတ်လမ်းပေါ့နော် ဆရာ။ ဒီမြတဘက်လေးကို ခြုံလိုက်တာနဲ့ သူက မိန်းမအသွင် ပြောင်းသွားတာ ဆရာရယ်။ အခုတော့ သိတာပေါ့ ဆရာရယ်။ cut-trick ဆိုတာ သိတာပေါ့။ အဲဒီတုန်းကတော့ ငယ်လည်း ငယ်တော့ ၁၁ နှစ်သား၊ ၁၂ နှစ်သား ကြည့်ရတဲ့အခါမှာ သိပ်သဘောကျတာပဲ။ တစ်ခါတည်း အေးကြူက ဒီမြတဘက်လေးကို ခြုံလိုက်ရင် မိန်းမဖြစ်သွားရော။ အဲဒီအခန်း သိပ်သဘောကျတာ ဆရာ။

**ဦးတင်ယု** ။ ။ ရတနာပုံက။

**ကြည်စိုးထွန်း** ။ ။ ကြာကူလီ။

**ဦးတင်ယု** ။ ။ အဲဒါကို ဖြေသိမ့်တဲ့ သဘောနဲ့ မြတဘက်ကို ရိုက်ပေးတာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပြီ ဆရာ ပထမ တုန်းကတော့ ရတနာပုံ မှတ်မိတာ။ ဆရာ ပထမ 'မြတဘက်' ရိုက်တုန်းက ဟိုဘက်က ကျွန်တော်တို့ ဦးရွှေရိုး၊ ဦးရွှေရိုးကနေပြီးတော့ တစ်ခါ ဖိနပ်တစ်ဖက် ဆိုပြီး ရိုက်ဖူးလား မသိဘူး။

**ဦးတင်ယု** ။ ။ မဟုတ်ဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။ ဩော် – ဒီဘက်က မြတဘက်၊ ဟိုဘက်က ဖိနပ်တစ်ဖက် အပြိုင်ရိုက်တာ၊ အပြိုင်အဆိုင်တွေပေါ့လေ။ ဟုတ်ပါပြီ ဆရာ။ တစ်ခါ ပြောသလိုပေါ့ ဟုတ်လား။ ဆရာ ရွှေဒုံးဘီအောင်ကို ဆရာက ကြေးဒုံးကြီး ကြေးဒုံးကြီး ခေါ်သလို လူများက ရွှေဒုံးလို့ ခေါ်တယ်။ ဆရာက ကြေးဒုံးလို့ ခေါ်တယ်။ ဒီလိုပေါ့ တစ်ဖက်နဲ့ တစ်ဖက်က အပြိုင်လည်း အပြိုင်အဆိုင်၊ ဘယ်လိုခေါ်မလဲ တစ်ခါတလေကျတော့ တစ်ယောက် တစ်ယောက် နှိမ်ပြီးတော့ လုပ်ကြတာတွေ ပျော်စရာပေါ့ ဆရာရယ်နော်။

**ဦးတင်ယု** ။ ။ ကျွန်တော်နဲ့ အေဝမ်းမှာ အခင်ဆုံးသူနဲ့။

**ကြည်စိုးထွန်း** ။ ။ ဩော်– ဟုတ်ကဲ့ ဆရာ။ ဆရာရွှေဒုံးနဲ့ ကြေးဒုံး။ ကြေးဒုံးနဲ့ ဆရာရွှေဒုံးကလည်း ပြောရင် ဆိုအော်တယ်။ ဂျပန်မှာတော့ cut ဆိုပြီး အော်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ ပြန်လာတော့ ဟောင်ကောင် ဝင်တော့လည်း ဟောင်ကောင်ဒါရိုက်တာကလည်း cut ပဲ အော်တယ်။ အဲဒီတော့ ကျွန်တော်လည်း ငါ cut ဆက်အော်မှပဲ။ ဗမာပြည် (၅၆) ဗမာပြည်ရောက်တော့ ကျွန်တော် love scene လေးတစ်ခုရိုက်တယ်။ ရိုက်တော့ ကင်မရာနဲ့ အသံကိုပဲ ပြောထားတယ်။ ကျွန်တော်က cut ဆိုအော်လိုက်တယ်။ မင်းသား မင်းသမီးက မင်းသားက ကပ်ခိုင်းတယ်မှတ်လို့ ကပ်သွားတယ်။ cut ဆို ပိုကျယ်ကျယ်အော်တယ်။ ပိုကပ်သွားတယ်။ ဟေဟေ မင်းတို့မပြောဘူး။ sorry ဆိုတော့မှ cut ဆိုတာ 'ဟိုး' အစားအော်တာ။ ဒါကြောင့်မို့ ကျွန်တော်က ပထမဆုံးပဲ။

**ကြည်စိုးထွန်း** ။ ။ ဩော် cut ဆိုတာ။

**ဦးတင်ယု** ။ ။ အခုလည်း ဒီအတိုင်းပဲလေ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါတယ် ဆရာ။ ကျွန်တော်တို့လည်း cut ပဲ အော်တာ။ နိုင်ငံတကာမှာလည်း cut အော်တယ်။ ဒါပေမယ့် သူ့ရဲ့ စကားအမှန်ကတော့ cut အမှန်ဖြစ်ပါတယ် ဆရာ။ ဒါကို ဆရာက စပြီးတော့ ၅၆ ခုနှစ်မှာ ဆရာ cut ဆိုတဲ့ စကား စသုံးတယ်။ သုံးတဲ့နေရာလည်း လွဲသွားတာကိုး။ ဆရာ love scene မှာ သွားသုံးတော့ မင်းသားအကြိုက် ဖြစ်သွားတာပေါ့။ ကပ်ဆိုတော့ ဖိကပ်တော့တာပဲ ဟုတ်ပါပြီ ဆရာ။ ဒါ



ရွှေဒုံးဘီအောင်



**ဦးတင်ယု** ။ ။ စန္ဒရားသင်တဲ့ ကောင်လေးနဲ့ ကြိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် – တစ်လတစ်ခါ လောက်သွားရတယ်။

**ဦးတင်ယု** ။ ။ ရုံးချိန်းလေ။

**ကြည်စိုးထွန်း** ။ ။ ရုံးချိန်းသွားရတာ ဟုတ်ကဲ့။

**ဦးတင်ယု** ။ ။ ပြီးတော့ 'မိုးပြာအောက်က မေ' (၅၇) ခုမှ ဂျပန်သွားတဲ့ဟာ ဂျပန်ရုပ်ရှင်ပွဲတော်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ ပြီးတော့ (၅၉) မှာ 'ကျော်တော့ လေသူကြီး'။

**ကြည်စိုးထွန်း** ။ ။ ဖိုးပါကြီး။










မှာဆိုရင် သူက သက်ညွှန့်နေရာက။ သက်ညွှန့်နေရာ ရတနာပုံမှာ သူက ကြည်ကြည်ဌေးကို ကြာကူလီရိုက်ရတဲ့နေရာ၊ သိပ်ကောင်းတာပဲ ဆရာ၊ သူက သိပ်ကောင်းလွန်းအားကြီးတာနဲ့ တစ်ခါတည်းသူ့ကို ကြာကူလီသက်ညွှန့်ဆိုပြီးတော့ အဲဒီလောက်အထိကို သူ့ကိုစွဲပြီးတော့ မုန်းသွားတာ ဆရာ။ ပရိသတ်က ရွံမုန်းသွားတာ၊ ဒါပေမယ့် ဒီ 'မြတဘက်' ကျတော့လည်း ကောင်းတာပဲ ဆရာ၊ 'မြတဘက်' ကျတော့လည်း အေးကြူက တော်တော်ကို ကောင်းတာနော်။ အဲဒီမှာ ဆရာ နာမည်ပြန်ဆယ်ပေးတာပေါ့ ဆရာ။ တစ်ခု ဆရာ ကျွန်တော်အခု မှတ်မိလို့ပေါ့။ ဒီမှာ ဆရာနဲ့ ပြောရင်းနဲ့ ရင်လည်း ဝေါဝေါဒိုင်းဒိုင်းနဲ့ ခပ်သွက်သွက်နဲ့နော်။ ပွင့်ပွင့်လင်းလင်းနဲ့နော်။

**ဦးတင်ယု** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဒါ ကောင်းပါတယ်။

**ဦးတင်ယု** ။ ။ အဲဒီ (၅၆) ခုမှာ ဂျပန်ကို စသွားပြီ။

**ကြည်စိုးထွန်း** ။ ။ ဩော် – ဂျပန်စသွားပြီ။ ဟုတ်ကဲ့ ဆရာ ဟုတ်ကဲ့။ မြဇော်အတွက် မြဇော်ဖလင်အတွက် ဆရာ ဂျပန်စက်တွေ သွားဝယ်တာထင်တယ်။ ရုပ်ရှင်ရိုက်တဲ့ စက်တွေ။

**ဦးတင်ယု** ။ ။ ဟိုမှာ သွားကြည့်တော့ ဂျပန် ဒါရိုက်တာတွေကလည်း ကိုယ်တွေ ရုပ်ချင်ရင် ဟိုးဟိုးလို့ ဒီမှာတာပေါ့။ ဒါပေမယ့် ကျွန်တော်တို့အရင် ဆရာ့အရင်တုန်းက ဆရာတို့ ဦးလေးတွေရော၊ ဆရာအရင် ဆရာကြီးတွေရောက ရုပ်ချင်ပြီဆို 'ဟိုး' လို့ အော်တာကို နော်။

**ဦးတင်ယု** ။ ။ အဲဒါ အာအက်(စ်)အေဘတ်စ်ကားက လက်မှတ်ရောင်းတဲ့ ကုလားအော်တာ ဟိုးဟိုး ကားတွေ ရပ်စေချင်လို့ ဟိုး။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့ ဆရာ။ ကားတွေရပ်စေချင်လို့ ဟိုးဟိုးနဲ့ အော်တာ။

**ဦးတင်ယု** ။ ။ အဲဒီကနေ ဆင်းသက်လာတယ်နဲ့ တူတယ်။

**ကြည်စိုးထွန်း** ။ ။ ရုပ်ရှင်ထဲကို ရောက်လာ ကျွန်တော်လည်း ပထမဆုံးကြားရတာပေါ့နော် ဆရာ။ အခုတော့ မင်းသားတွေကတော့ သိသွားပြီပေါ့လေ။ cut လို့အော်တာ ရပ်ခိုင်းတာပါလားဆိုတာ သိသွားပြီ၊ သိပ်မကပ်ကြတော့ပါဘူး။

**ဦးတင်ယု** ။ ။ 'လောကစံပန်းချီ'။

**ကြည်စိုးထွန်း** ။ ။ 'လောကစံပန်းချီ' ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ 'လောကစံပန်းချီ' တုန်းက ကျွန်တော် ပဲခူးက အရေးပိုင်ကြီးကို သွားတောင်းပန်ရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ ကန်ထရိုက်က ကားပြတော့ ဘယ်လို ကြော်ငြာသလဲဆိုတော့ ပဲခူးအရေးပိုင်သမီးရဲ့အတ္ထုပ္ပတ္တိဆိုပြီး။

**ကြည်စိုးထွန်း** ။ ။ ကြော်ငြာတော့ အရေးပိုင်က။

**ဦးတင်ယု** ။ ။ တရားစွဲရော။

**ကြည်စိုးထွန်း** ။ ။ နေပါဦး ဆရာ၊ တကယ့် ဇာတ်လမ်းကရော အဲဒီအတိုင်း ဟုတ်လား။

**ဦးတင်ယု** ။ ။ နည်းနည်းတော့ ဆင်တယ်လို့ ပြောတယ်။

**ကြည်စိုးထွန်း** ။ ။ နည်းနည်းတော့ဆင်တယ် ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ သူ့သမီးကလည်း စန္ဒရား သင်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် – သူ့သမီးက စန္ဒရား သင်တယ်။ ဆရာ့ရဲ့ ကားထဲက မင်းသမီးကလည်း။

**ဦးတင်ယု** ။ ။ စန္ဒရားသင်တယ်။

**ကြည်စိုးထွန်း** ။ ။ စန္ဒရားသင်တယ်။

**ဦးတင်ယု** ။ ။ ဝင်းဇော်ကို တင်ရိုက်တာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ နောက် 'မခွဲတမ်းကြင်မယ်'။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ 'မခွဲတမ်းကြင်မယ်' ကျ သိန်းဇော်နှမတွေ။

**ကြည်စိုးထွန်း** ။ ။ ဩော်။

**ဦးတင်ယု** ။ ။ နုနဲ့မေသန်း သူတို့ရေးတယ် သူတို့ဇာတ်ညွှန်း။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ဆရာမင်းသား သိန်းဇော်ရဲ့ နှမတွေက ဇာတ်ညွှန်းတွေ ရေးတယ်။ သိန်းဇော်က ဆရာနဲ့ဆိုရင် ညီအစ်ကိုဝမ်းကွဲပေါ့။

**ဦးတင်ယု** ။ ။ ညီအစ်ကိုဝမ်းကွဲ၊ (၆၀) ကျတော့ 'သွေးစုပ်ဖုတ်ကောင်'။

**ကြည်စိုးထွန်း** ။ ။ ကြောက်စရာကောင်းတာပဲ 'သွေးစုပ်ဖုတ်ကောင်' တောင် ရိုက်တယ်။

**ဦးတင်ယု** ။ ။ မြစကြာနဲ့ပဲ ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ မြစကြာ၊ မြစကြာဆိုတာ ကျွန်တော်တို့ငယ်ငယ်တုန်းက တစ္ဆေ သရဲဝတ္ထုရေးတာ သိပ်ကောင်းတာ ဆရာ၊ သူ့စာအုပ်က မဖတ်ဘဲလည်း မနေနိုင်ဘူး။ ဖတ်ရင် ညကျကြောက်တာပဲ၊ အဲဒီမြစကြာနဲ့ ဆရာနဲ့က သိလား။

**ဦးတင်ယု** ။ ။ သိတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်– ဒါနဲ့ သူ့နာမည်ကို ယူပြီးတော့ ဒါရိုက်လိုက်တာ၊ သူ့နာမည်နဲ့ ရိုက်ပေးတာ။







*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**ဦးတင်ယု** ။ ။ ရိုက်ပေးတာ၊ ဝတ္ထုက ကျွန်တော်က ပြောပြတယ်။ ဒါလေးကို ရေးပေးပါ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ဦးတင်ယု** ။ ။ ဇာတ်ကြောင်းလေးတွေ၊ ဆိုတော့ သူ့နာမည်နဲ့ ရိုက်လိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် - ဒါရိုက်တာ မြစကြာနာမည်နဲ့ ဆရာ ရိုက်ပေးလိုက်တာပေါ့နော်။

**ဦးတင်ယု** ။ ။ အဲဒီ (၆၀) မှာပဲ ကျွန်တော့် ယောက်ဖ ကိုမြမောင်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ဆရာ။

**ဦးတင်ယု** ။ ။ 'မေတ္တာရွှေရည်'။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ မြဇော်ဖလင်က ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ 'မေတ္တာရွှေရည်' မှာ ကျွန်တော်က ဓာတ်ပုံကို တာဝန်ယူပြီး ရိုက်တာ။

ကြည်စိုးထွန်း ။ ။ ဟုတ်ကဲ့ director of ph-otography ဆရာ၊









အဲဒီမှာ ဆုရတာပဲမှတ်လား 'မေတ္တာရွှေရည်' မှာ။

**ဦးတင်ယု** ။ ။ ဆုယူမယ်လို့ ပြောပြီးတော့ကို ရိုက်တာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ 'မေတ္တာနဲ့ရွှေရည်' မှာ ဓာတ်ပုံ အကယ်ဒမီဆုရပြီးတော့ နောက် ဘာကားဆက်ရိုက်လဲ ဆရာ။

**ဦးတင်ယု** ။ ။ 'အဝိုင်းနဲ့ လေးထောင့်'၊ အဝိုင်းနဲ့ လေးထောင့်က ကျွန်တော့်နာမည်နဲ့ မဟုတ်ဘူး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ သန့်စင်ဆိုတဲ့ နာမည်နဲ့။

**ကြည်စိုးထွန်း** ။ ။ ဩော် - သန့်စင်ဆိုတဲ့ နာမည်နဲ့ ဟာသကားနော်ဆရာ အဲဒီကားက။

**ဦးတင်ယု** ။ ။ ၆၀ ခုနှစ်က နည်းနည်း ထူးခြားတယ်လို့ ပြောရမယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ 'မေတ္တာရွှေရည်' မှာ ဆုရတယ်၊ ကိုယ်ပိုင်မြန္မာရုပ်ရှင် ထောင်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော် - မြန္မာ ရုပ်ရှင်လည်းထောင်လိုက်သေးတယ်။

**ဦးတင်ယု** ။ ။ 'အောင်ခြင်း ရှစ်ပါး' ဆုရမလို့။

**ကြည်စိုးထွန်း** ။ ။ အောင်မင်္ဂလာက။

**ဦးတင်ယု** ။ ။ အောင်မင်္ဂလာက၊ အဲဒါ ကူးဆေးအတွက် ဂျပန်ကို သွားတယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်- ဦးခင်မောင်ညွှန့်ပေါ့နော်၊ မင်းသား ခင်မောင်ညွှန့်၊ ကြည်ကြည်ဌွေး၊ တင်ထွန်းတို့ပါတဲ့ ကားထင်တယ်၊ 'အောင်ခြင်းရှစ်ပါး'၊ အဲဒါကို ဆရာက ဆေးရောင်စုံကူးဆေးအတွက် လိုက်လုပ်ပေးရတာပေါ့နော် ဆရာ၊ ဂျပန်ကို တစ်ခါသွားသေးတယ်၊ သုံးခါရှိသွားပြီ၊ ဆရာဂျပန်သွားတာ သုံးခါရှိသွားပြီ။

**ဦးတင်ယု** ။ ။ (၆၁) ကျတော့ 'ဝိမာန' မြင်ကွင်းကျယ်။

**ကြည်စိုးထွန်း** ။ ။ ဒါလည်း ထူးခြားတယ် ဆရာ၊ ဘာလို့ထူးခြားသလဲဆိုတော့ ကျွန်တော်တို့ဇာတ်နဲ့ပေါ့ ရာဇဝင်ကားကို မရိုက်ဖူးသေးဘူး ဆရာ အခုထိ၊ ဆရာက ဘာပဲဖြစ်ဖြစ် အဲဒီတုန်းက နာမည်ကြီးတဲ့ မင်းသားကြီး ရွှေမန်းတင်မောင်နဲ့ ကြည်ကြည်ဌွေးနဲ့။

**ဦးတင်ယု** ။ ။ အမ်း- အဲဒီမှာလည်း ရွှေမန်းတင်မောင်နာမည်နဲ့ ရိုက်ပေးတာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လားဆရာ၊ ဆရာနာမည်မခံဘူးပေါ့။

**ဦးတင်ယု** ။ ။ မခံဘူး။

**ကြည်စိုးထွန်း** ။ ။ ဆရာ ကြည်ကြည်ဌွေးပါလား။ အဲဒီကား မပါဘူးထင်တယ်နော်။

**ဦးတင်ယု** ။ ။ မပါဘူး။

**ကြည်စိုးထွန်း** ။ ။ မပါဘူး။ သူ့ထဲက မင်းသမီးပဲ။

**ဦးတင်ယု** ။ ။ ဇာတ်ကိုရသပဲ။

**ကြည်စိုးထွန်း** ။ ။ ဩော်- ဟုတ်ကဲ့။ ဒါပေမယ့် outdoor ရိုက်သေးလား၊ ဇာတ်ခုံပေါ်မှာပဲလား။

**ဦးတင်ယု** ။ ။ ဇာတ်ခုံကပြီး outdoor ထွက်ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်- outdoor ထွက်ရိုက်တယ်။

**ဦးတင်ယု** ။ ။ ဇာတ်ခုံကပြီးရင်ကြည့်ရတာ မျက်စိရိုးနေမှာစိုးလို့ out-door ထွက်ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ၁၉၆၁ မှာ 'ဝိမာန' ဆိုတဲ့ မြင်ကွင်းကျယ်နော် ဆရာ အဲဒါ။

**ဦးတင်ယု** ။ ။ မြင်ကွင်းကျယ် နှစ်ကိုယ်ခွဲ ပထမစရိုက်တယ်။ ရိုက်ပြီးတော့ ထုံးစံအတိုင်း mask ကို နည်းနည်းလေးပဲ ထပ်လိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ဦးတင်ယု** ။ ။ မြင်ကွင်းကျယ်ကိုး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ မြင်ကွင်းကျယ် ဆိုတော့ မြဇော်ကလည်း ရိုက်ပြီးရင် ချက်ချင်းလိပ် ချက်ချင်းကူးတာ။

**ကြည်စိုးထွန်း** ။ ။ ဩော်- ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ လိုင်းကြီးအကြီးကြီးပဲ။

**ကြည်စိုးထွန်း** ။ ။ ဩော် - လိုင်းကြီးက အကြီးကြီးပေါ်နေတာ ဟားဟားဟား mask ခံထားတဲ့ ကြားထဲက လိုင်းက အကြီးကြီးပေါ်နေတာ။

**ဦးတင်ယု** ။ ။ ချဲ့လိုက်တာကိုး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ မြင်ကွင်းကျယ်ဆိုတော့။

**ကြည်စိုးထွန်း** ။ ။ ဆွဲချဲ့တာကိုး။

**ဦးတင်ယု** ။ ။ အဲဒီတော့ ဘာလုပ်ရလဲဆိုတော့ mask ခံမယ့်နေရာကျတော့ တိုင်တစ်လုံး ထောင်လိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**ဦးတင်ယု** ။ ။ အဲဒီတိုင်မှာ လာထပ်လိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ဩော်-တိုင်ကျယ်လည်း ကျယ်တော့ ကိစ္စမရှိတော့ဘူး။ *Anamorphic* ပေါ့နော် ဆရာ။ *Ana-morphic lens* နဲ့ ရိုက်တာပေါ့ ဟုတ်ကဲ့ ဆရာ။

**ဦးတင်ယု** ။ ။ ကိုဝင်းဦးနဲ့ 'နှစ်ယောက်ထဲနေချင်တယ်'။



**ကြည်စိုးထွန်း** ။ ။ ဩော် - ဒါ အင်မတန်နာမည်ကြီးတဲ့ မင်းသားကြီးဝင်းဦးရဲ့ ပထမဆုံးကား 'နှစ်ယောက်ထဲနေချင်တယ်' တင်တင်မူနဲ့ ဒေစီကျော်ဝင်းလည်း ပါတယ်။ သူ့ညီ အောင်မိုးလည်း ပါတယ်၊ သီချင်းတွေလည်း သိပ်ကောင်းတယ်၊ အဲဒီထဲက သီချင်းတွေက အခုထိ၊ အခုခေတ်ထိပေါ့နော် တစ်ခါတည်း ရေပန်းစားနေတုန်းပဲ၊ ကျွန်တော်မှတ်မိသေးတယ် ဆရာရသေးလားမသိဘူး xx မီးပုံပွဲမှာ စုကာဝေးကာ xx။

**ဦးတင်ယု** ။ ။ xx နှစ်ယောက် အတူနေချင်တယ်။

**ကြည်စိုးထွန်း** ။ ။ xx နှစ်ယောက် အတူနေချင်တယ် ဟားဟားဟားဟား ကောင်းတယ်ဆရာ၊ အဲဒီသီချင်းတွေ နာမည်ကြီးနော်၊ နှုတ်ခမ်းမွေးနဲ့ ဝင်းဦးကလည်း ချောလိုက်တာ၊ တင်တင်မူနဲ့၊ ဆရာ ဇာတ်နုလေးနော် အဲဒါ၊ ဇာတ်နုလေး၊ ဝင်းဦးရဲ့ ဝတ္ထုပဲဆရာနော် ဝင်းဦးရဲ့ ဝတ္ထုပဲ။

**ဦးတင်ယု** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဝင်းဦးရဲ့ ဝတ္ထုပဲ ရိုက်ထားတာ ဝင်းဦးတစ်ခါတည်းကို နာမည်တက်သွားတာပဲ။

**ဦးတင်ယု** ။ ။ အဲဒီကားမှာ ကျွန်တော် ဝင်းဦးကို စမ်းထားတယ်။

*ဆက်လက်ဖော်ပြပါမည်*





# ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ခေတ်မီမော်တာအထည်ချုပ် သင်တန်းဆင်းပွဲနှင့် ဖွံ့ဖြိုးလုပ်ငန်းသုံးယာဉ်ယန္တရားများအား ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် လုပ်ငန်းခွင်များသို့ပို့ဆောင်မည့် ယာဉ်ယန္တရားကြီးများ၏ ကွင်းခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

နေပြည်တော် နိုဝင်ဘာ ၃၀

ခေတ်မီမော်တာအထည်ချုပ် အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၂၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

### ဝန်ထမ်းများအဖြစ် စနစ်တကျတာဝန်ခွဲဝေခန့်အပ်ထား

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ နယ်စပ်ဒေသနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပံ့ပိုးပေးရန်ဖြစ်ကြောင်း၊ သင်တန်းဆင်း သင်တန်းသူ ၁၀၀ ကို မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skill Standard Authority–NSSA) အသိအမှတ်ပြု Sewing Machine Operator Level–1 အောင်လက်မှတ်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပေးအပ်နိုင်ရေးအတွက် အရည်အချင်း စစ်ဆေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး အထည်ချုပ်စက်ရုံသုံးရုံတွင် ဝန်ထမ်းများအဖြစ် စနစ်တကျတာဝန်ခွဲဝေခန့်အပ်ထားပြီး ဖြစ်ပါကြောင်း။

သင်တန်းသူများအနေဖြင့် မိမိတို့သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များနှင့် ကိုယ်ပိုင်စီးပွားရေးထူထောင်၍ အသက်မွေးဝမ်းကျောင်းပြုပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းပြီး လိမ္မာယဉ်ကျေး၍ အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးကောင်းလေးများ ဖြစ်လာစေရန်နှင့် တိုင်းပြည်ကို ချစ်မြတ်နိုးသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သည့် အမျိုးသမီးများ ဖြစ်လာစေရန် ရည်ရွယ်၍ သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

### အကျိုးဖြစ်ထွန်းရရှိရေး စီစဉ်ဆောင်ရွက်ပေး

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးသည့်အပြင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေး၊ နိုင်ငံအနှံ့အပြားရှိ အိမ်တွင်းမှုသင်တန်းကျောင်းများမှ သတ်မှတ်အရည်အချင်းကိုက်ညီသည့် သင်တန်းဆင်း သင်တန်းသူများကို ခေတ်မီမော်တာအထည်ချုပ်စက် အထူးမွမ်းမံသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးခဲ့ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အလုပ်အကိုင်ရှာဖွေပေးသည့်အတွက် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းရရှိရေးကို စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းဆင်း တိုင်းရင်းသူများအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် အလုပ်ခန့်အပ်လွှာများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

### သင်တန်းသူ ၈၉၂၉၆ ဦး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်း ၄၅ ကျောင်းမှအခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၈၉၂၉၆ ဦး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ခေတ်မီမော်တာ သင်တန်းဆင်း ၂၇၂၇ ဦးမွေးထုတ်ပေးနိုင်ခဲ့ကာ ရန်ကုန်မြို့ အထည်ချုပ်စက်ရုံ ၂၉ ရုံ၌ စုစုပေါင်း ၂၆၄၄ ဦး ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာ သင်ကြားရေးကိစ္စ၊ တည်ဆောက်ရေး၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၈–၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် သင်တန်းသား သင်တန်းသူ လေးထပ်စာသင်ဆောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ရောက်ရှိရာ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ခရိုင်ရုံး ဂိုဒေါင်တွင် ထိန်းသိမ်းထားရှိသော ယာဉ်ယန္တရားကြီးများ၏ ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်းနှင့် ကွင်းခိုင်မှုထိန်းသိမ်းဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ သိုလှောင်ထားရှိသည့် ဖွံ့ဖြိုးရေးဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ၏အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ယာဉ်ယန္တရားများ အမြဲတမ်းအသုံးပြုနိုင်ရေး၊ အသင့်အနေအထားရှိစေရေး၊ ကွင်းခိုင်မှုပုံမှန်ပြုလုပ်ရေး၊ ပြင်ဆင်ရန် လိုအပ်သည်များကိုလည်း ချက်ချင်းပြုပြင်ရန်နှင့် လိုအပ်ချက်ရှိပါက ရုံးချုပ်သို့တင်ပြသွားရန်၊ ဂိုဒေါင်ရှိ ထောက်ပံ့ရေးပစ္စည်းများ အလေအလွင့်မရှိစေရေး၊ စာရင်းဇယားများ မှန်ကန်စနစ်တကျရှိစေရေး မှာကြားခဲ့ပြီး မကြာမီ လုပ်ငန်းခွင်များသို့ပို့ဆောင်မည့် ယာဉ်ယန္တရားကြီးများ၏ ကွင်းခိုင်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ – အာဆီယံ အမျိုးသမီးများချစ်ကြည်ရေးအသင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာကျောင်းသို့ အလှူငွေများ လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၃၀

**မြန်မာ – အာဆီယံ အမျိုးသမီးများချစ်ကြည်ရေးအသင်း (Myanmar ASEAN Women's Friendship Association) က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာကျောင်းသို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာ – အာဆီယံ အမျိုးသမီးများချစ်ကြည်ရေးအသင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ သတင်းစဉ်

အခမ်းအနားသို့ မြန်မာ – အာဆီယံ အမျိုးသမီးများချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လွင်လွင်မှန်၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Ms. Vanessa Elisabeth Chan Yuen Ying၊ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမြသီတာ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး၏ ဇနီး Madam YennyNoviyanti၊ ဘရူနိုင်းဒါရူဆလင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံသံရုံးများမှ ကိုယ်စားလှယ်သံတမန်အမျိုးသမီးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးအကြမ်းဖက်ခံရသူများနှင့် စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ လာရောက်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ – အာဆီယံ အမျိုးသမီးများချစ်ကြည်ရေးအသင်း၏ လှူဒါန်းမှုများသည် လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်နေသည့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ ပပျောက်ရေးလုပ်ငန်းစဉ်များအတွက် များစွာ အထောက်အကူဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် United Nations Convention on the Elimination of all forms of Discrimination Against Women – UNCEDAW အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများကို UNCEDAW ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃–၂၀၂၂)ကို Beijing Platform For Action ပါ ဦးစားပေးလုပ်ငန်းနယ်ပယ် (၁၂) ရပ်ကိုအခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျန်ရှိသည့် သုံးနှစ်တာကာလအတွက် လက်တွေ့လုပ်ငန်းစဉ်များ ရေးဆွဲပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် ဖြေရှင်းဆောင်ရွက်နိုင်သည့်စင်တာများကို ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ မော်လမြိုင်နှင့် လွိုင်ကော်မြို့တို့တွင် ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး ကျား၊ မ အခြေပြု အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဥပဒေပိုင်းဆိုင်ရာ အကြံပြုချက်များရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဥပဒေကြောင်းအရ တရားရင်ဆိုင်ရာတွင် အထောက်အကူပြုနိုင်ရေး ၎င်းတို့၏ဘဝများ ပြန်လည်ရပ်တည်နိုင်ရေးအတွက် ငွေကြေးဆိုင်ရာထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လှူဒါန်းငွေများကို နေပြည်တော်တွင် မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက တည်ဆောက်လျက်ရှိသည့် တစ်ကိုယ်ရေမိခင်များနှင့် ရင်ခွင်မဲ့ကလေးငယ်များ ပြုစုစောင့်ရှောက်ရေး အဆောက်အအုံဆောက်လုပ်ခြင်းတွင် အသုံးပြုခဲ့ပါကြောင်း၊ ယခုကဲ့သို့ မြန်မာ–အာဆီယံ အမျိုးသမီးများချစ်ကြည်ရေးအသင်း၏ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် ဖြေရှင်းဆောင်ရွက်နိုင်သည့် စင်တာ (One Stop Women Support Center)အတွက် လှူဒါန်းမှုများသည် အာဆီယံနိုင်ငံများနှင့် မြန်မာပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများအတွက် များစွာ အထောက်အကူပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီးက အမျိုးသမီးသက်မွေးအတတ်ပညာကျောင်းသို့ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ – အာဆီယံ အမျိုးသမီးများချစ်ကြည်ရေးအသင်းမှ လှူဒါန်း ငွေကျပ်သိန်း ၁၅၀ ကိုပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံ၏ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာ – အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းအဖွဲ့ဝင်များသည် သက်မွေးအတတ်ပညာကျောင်း၌ အမျိုးသမီးသက်မွေးအတတ်ပညာ သင်ကြားနေမှုများကို လိုက်လံကြည့်ရှုကြပြီး သင်တန်းကျောင်းအတွင်း ကာကွယ်စောင့်ရှောက်ထားသော အမျိုးသမီးငယ်များအား တွေ့ဆုံအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဟိန္ဒူမျိုးနွယ်စုများ ပူးပေါင်းပါဝင်ကျင်းပသည့် ဒီပါဝလီပွဲတော် အထိမ်းအမှတ် မီးထွန်းပွဲတော်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၏ ပူးပေါင်းမှုဖြင့် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုအသင်းချုပ်(Myanmar India International Business Federation )က ကြီးမှူးပြီး ဟိန္ဒူမျိုးနွယ်စုများ ပူးပေါင်းပါဝင်ကျင်းပသည့် ဒီပါဝလီပွဲတော် အထိမ်းအမှတ် မီးထွန်းပွဲတော်ကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

ဒီပါဝလီပွဲတော် အထိမ်းအမှတ် မီးထွန်းပွဲတော်သို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အိန္ဒိယ သံအမတ်ကြီး၊ ဂျာမနီသံအမတ်ကြီး၊ နီပေါသံအမတ်ကြီးနှင့် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုအသင်းချုပ် ဥက္ကဋ္ဌတို့က ဒီပါဝလီပွဲတော် အထိမ်းအမှတ် မီးထွန်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

ရှေးဦးစွာ အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အိန္ဒိယ သံအမတ်ကြီး၊ ဂျာမနီသံအမတ်ကြီး၊ နီပေါသံအမတ်ကြီးနှင့် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုအသင်းချုပ် ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ဆီမီးထွန်းညှိပူဇော်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ သံအမတ်ကြီးများနှင့် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုအသင်းချုပ်မှ တာဝန်ရှိသူများက ဒီပါဝလီပွဲတော်အထိမ်းအမှတ် ဆီမီးထွန်းညှိပူဇော်ကြသည်။

ယင်းနောက် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ် အကြံပေး ဦးကျော်သူက ဒီပါဝလီပွဲတော်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုအမှာစကား ပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများက ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ယင်းနောက် အိန္ဒိယသံရုံးမှ အနုပညာရှင်များ၊ ဒလမြို့နယ် Muth Tamil ယဉ်ကျေးမှုအကအဖွဲ့၊ Anitha Dance Group ၊ ဂါရက်သရီး အကအဖွဲ့နှင့် Vijay Dance Group အကအဖွဲ့များက ရိုးရာအက၊ ခေတ်ပေါ်အကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၃၀

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**အတွေ့အကြုံများအား ဆွေးနွေးကြမည်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ ဆွေးနွေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနတစ်ခုတွင် တစ်နေ့တာဆောင်ရွက်ရန် အချိန်ဇယားနမူနာများပြုစုခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များ၊ တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ ဘဏ္ဍာရေးလုပ်ငန်းများ၊ ဝင်ခွင့်ကတ်ပြားဆိုင်ရာ ညွှန်ကြားချက်များ၊ စာမေးပွဲမကျင်းပမီ၊ ကျင်းပစဉ်နှင့် ကျင်းပပြီး ဆောင်ရွက်ရန်လုပ်ငန်းများ၊ စာမေးပွဲခန်းပြင်ပ လက်ထောက်ကြီးကြပ်ရေးမှူးများ၏ ဆောင်ရွက်ရန်လုပ်ငန်းများနှင့် စာမေးပွဲလုပ်ငန်း အတွေ့အကြုံများအား ဆွေးနွေးကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်စာမေးပွဲဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာခေါင်းစဉ်များအလိုက် တာဝန်ရှိသူများက ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲများကို ရန်ကုန်မြို့တွင် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ၊ မန္တလေးတိုင်းဒေသကြီးတွင် ဒီဇင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိနှင့် နေပြည်တော်တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ၂ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

**စာမေးပွဲဖြေဆိုမည့် စာရင်းသွင်းဦးရေ ၉၇၀၂၁၅ ဦးရှိ**

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာရပ်အလိုက် စာမေးပွဲဖြေဆိုမည့် စာရင်းသွင်းဦးရေအရ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ ဘာသာတွဲတွင် ၅၈၂၁၄၉ ဦး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒဘာသာတွဲတွင် ၁၇၃၂၀၅ ဦး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ စိတ်ကြိုက်မြန်မာစာ ဘာသာတွဲတွင် ၁၀ ဦး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ ဘာသာတွဲတွင် တစ်ဦး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်း ဘာသာတွဲတွင် ၅၄၁ ဦး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာတွဲတွင် ၂၁၁၁၂၄ ဦးနှင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင်ဘာသာတွဲတွင် ၃၁၈၅ ဦး စုစုပေါင်း ၉၇၀၂၁၅ ဦး ရှိကြောင်း သိရသည်။

**လိုအပ်ချက်များဆောင်ရွက်ပေးရန် ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ဖွင့်လှစ်သည့် ကျောင်းအုပ်ကြီး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၉/၂၀၁၉)မှ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ၍ မူလတန်းကျောင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက ကျိုင်းတုံမြို့ လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး၌ ပြုလုပ်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က လုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်ရန် လိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းရေး အထူးလိုက်နာဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေး စံချိန်စံညွှန်းပြည့်မီရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန် လိုပါကြောင်း။

ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ မိမိတို့၏ အခက်အခဲများကိုလည်း ပွင့်ပွင့်လင်းလင်း တင်ပြနိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အရှေ့ပိုင်း လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသူရဇော်က လမ်း၊ တံတား၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က လမ်းဦးစီးဌာန၏ မူဝါဒများနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မူဝါဒများ ရည်မှန်းချက်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

---

# သာပေါင်းမြို့နယ် ကလေးစာပေပွဲတော် ဒုတိယနေ့တွင် ပွဲတော်လာ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားလျက်ရှိ

**သာပေါင်း နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိသော သာပေါင်းမြို့နယ် ကလေးစာပေပွဲတော် ဒုတိယနေ့တွင် ပွဲတော်လာ ကျောင်းသား ကျောင်းသူ ကလေးငယ်များဖြင့် စည်ကားလျက် ရှိသည်။

ကလေးစာပေပွဲတော်(သာပေါင်း) ဒုတိယနေ့၌ ထည့်သွင်းပြသထားသော မီးသတ်၊ ကြက်ခြေနီ၊ ဘေးစီမံပြခန်း၊ World Vision နှင့် ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း(ပုသိမ်)ပြခန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးပြခန်း၊ ပညာရေးပြခန်း စသည့် အသိပညာပေး ပြခန်းများတွင် စိတ်ဝင်တစား လာရောက်လေ့လာကြည့်ရှုကြသော မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားလျက်ရှိပြီး ဆန်ကောရွက်ပြိုင်ပွဲ၊ ခြေသုံးချောင်းထောက်ပြိုင်ပွဲနှင့် ပူဖောင်းဖောက်ပြိုင်ပွဲများတွင် ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ကြသူများ၊ စာအုပ်အရောင်းဆိုင်များတွင် စာအုပ်ဝယ်သူ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားလျက်ရှိသည်။



စာအုပ်အရောင်းဆိုင်များတွင် စာအုပ်ဝယ်သူ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားလျက်ရှိစဉ်။



ကလေးစာပေပွဲတော်(သာပေါင်း)သို့ လာရောက်ကြသူများကို တွေ့ရစဉ်။

"ပြိုင်ပွဲတွေမှာ သူငယ်ချင်းတွေနဲ့ စုပြီး ဝင်ပြိုင်တာ ဆုတွေလည်း ရတယ်။ ပျော်ဖို့လည်း ကောင်းတယ်။ စာအုပ်အရောင်းဆိုင်မှာ ပုံပြင်စာအုပ်လေးတွေ သွားဝယ်မယ်။ ပြခန်းတွေကို သွားပြီးလေ့လာမယ်။ ကလေးစာပေပွဲတော် သီချင်းကိုလည်း သိပ်ကြိုက်တယ်" ဟု ရေလဲကြီး (အ.လ.က)ကျောင်းမှ ပဉ္စမတန်း ကျောင်းသူ မနှင်းယုခိုင်က ပြောသည်။ **နန်းထိုက်(KGD)**

---

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆန့်ကျင်ရေးနေ့ အထိမ်းအမှတ် ၁၆ ရက်တာလှုပ်ရှားမှုသရုပ်ပြပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း နံ့သာကုန်း ပန်းခြံဝင်းအတွင်း ယနေ့ မွန်းလွဲ ၃ နာရီမှစ၍ ည ၈ နာရီကျော်အထိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေးနေ့ အထိမ်းအမှတ် ၁၆ ရက်တာ လှုပ်ရှားမှုသရုပ်ပြပွဲကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုးက ဦးဆောင်၍ အမျိုးသမီးများနှင့်ဆိုင်သော အင်းစိန်မြို့နယ် လူမှုအဖွဲ့အစည်းများဖြင့် ပူးပေါင်းကျင်းပသည်။

အင်းစိန်မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုးက "ကျွန်မတို့က အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေးနေ့ကို ကုလသမဂ္ဂက နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ သတ်မှတ်ပေးထားတဲ့အတွက် တစ်ကမ္ဘာလုံး ၁၆ ရက်တာ လှုပ်ရှားမှုအနေနဲ့ ဆောင်ရွက်နေကြတာပါ။ ကျွန်မတို့နိုင်ငံမှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဆောင်ရွက်နေကြပါတယ်" ဟု ပြောသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေးနေ့အထိမ်းအမှတ် လှုပ်ရှားမှု နောက်ခံသမိုင်းနှင့် စပ်လျဉ်း၍ (WIN-peace)မှ မချယ်ရီအုန်းက ယခင်အမျိုးသမီးများ ဖြတ်သန်းလျှောက်လှမ်းခဲ့ရမှု၊ ယခုဖြတ်သန်းဆောင်ရွက်ရမှု၊ တန်းတူညီမျှရေး အခွင့်အလမ်း၊ ဥပဒေနည်းဥပဒေညီမျှမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

အဆိုပါ လှုပ်ရှားမှုအား Women Club၊ အမျိုးသမီးများကွန်ရက်၊ Child Club၊ Youth Club၊ ကလင်း အင်းစိန် အမျိုးသမီးများအဖွဲ့တို့က ပူးပေါင်း၍ လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဖားကန့်၌ အဆင့်မြင့်ကျောက်မျက်ရတနာဈေးကို ၂၀၂၀ ပြည့်နှစ်ကုန်တွင် အပြီးတည်ဆောက်မည်

**ဖားကန့် နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် ဖားကန့်မြို့နှင့် ဆိပ်မူကျေးရွာသွား ကားလမ်းမကြီးဘေး ယူမာကျေးရွာရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းရုံးနှင့် ကပ်လျက်တွင် ဖားကန့်မြို့၏ အဆင့်မြင့်ကျောက်မျက်ရတနာဈေးကို စတင်အကောင်အထည်ဖော် တည်ဆောက်သွားတော့မည် ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ဖားကန့်)က တာဝန်ယူ၍ အကောင်အထည်ဖော် တည်ဆောက်မည့် အဆိုပါကျောက်မျက်ရတနာဈေးမြေနေရာတွင် ဈေးတည်ဆောက်ရန် ပန္နက်တင်ပွဲကို နိုဝင်ဘာလနောက်ဆုံးပတ်က ကျင်းပခဲ့ပြီး ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှိုလဆိုင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပန္နက်များတင်ပေးခဲ့သည်။

ကျောက်မျက်လုပ်ငန်းရှင်များအသင်း(ဖားကန့်)ဥက္ကဋ္ဌ ဦးမောင်ထွန်းက "ဒီကဒေသခံတွေ၊ ဒီကို ရွှေ့ပြောင်းလာကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ အလုပ်အကိုင်အခွင့်အလမ်းရအောင်၊ ပြီးတော့အခု ပျံကျကျောက်ဝိုင်းတွေကြောင့် လမ်းတွေ ပိတ်ဆို့မှုဖြစ်နေတာတွေကို ဖြေရှင်းပြီးသားဖြစ်အောင် ရည်ရွယ်ပြီး ကျောက်မျက်ဈေးကို တည်ဆောက်တာပါ" ဟု ပြောသည်။

၂၀၂၀ ပြည့်နှစ်ကုန်တွင် အပြီးတည်ဆောက်မည့်အဆိုပါကျောက်မျက်ရတနာဈေးတွင် လေးခန်းတွဲ သုံးထပ်အဆောက်အအုံ ၂၇ လုံး တည်ဆောက်မည်ဖြစ်ကြောင်း၊ ကျောက်မျက်ရတနာဆိုင်ခန်းပေါင်း ၁၀၈ ခန်း ပါဝင်ပြီး အခန်းတစ်ခန်းလျှင် ကျပ်သိန်း ၇၅၀ ဖြင့် ရောင်းချသွားမည်ဖြစ်ကာ အရစ်ကျစနစ် ဖြင့် လေးရစ်ခွဲ၍လည်း ဝယ်ယူနိုင်ကြောင်း၊ ငှားရမ်းနိုင်သည့် သုံးခန်းတွဲ သုံးထပ်အဆောက်အအုံ နှစ်လုံး၊ Food Court နှစ်ခန်းတွဲ နှစ်လုံးနှင့်သုံးခန်းတွဲ နှစ်ထပ်စားသောက်ဆိုင် နှစ်လုံးတို့ကိုလည်း ထည့်သွင်း တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အလျား ပေ ၁၂၀၊ အနံ ပေ ၁၀၀ ပတ်လည်ရှိသည့် ပျံကျဈေးရုံ သုံးရုံကိုလည်း တည်ဆောက်မည်ဖြစ်ပြီး တစ်ရုံလျှင် အခန်းပေါင်း ၄၀၀ ပါဝင်မည်ဖြစ်၍ ဆိုင်ခန်းမဝယ်နိုင်သူများအနေဖြင့်လည်း ပျံကျဈေးတွင် အရောင်းအဝယ် လုပ်နိုင်အောင် ဆောင်ရွက်ထားကြောင်း ၎င်းက ဆက်လက်ပြောကြား သည်။

လက်ရှိအချိန်တွင် ဖားကန့်မြို့နယ်အတွင်း၌ ဖားကန့်ကျောက်ဝိုင်း၊ ဆိပ်မူကျောက်ဝိုင်း၊ ဓာခါကျောက်ဝိုင်းနှင့် လုံးခင်းညကျောက်ဝိုင်းတို့ကဲ့သို့ ပျံကျကျောက်ဝိုင်းကြီးများနှင့် ကျေးရွာအချို့တွင် ကျောက်ဝိုင်းငယ်များလည်း ရှိနေ သည်။

**တာလင်းမောင်**
**(ပြန်/ဆက်)**

# စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာချစ်သူများ ပျော်ရွှင်စွာ လာရောက်လေ့လာဝယ်ယူနိုင်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ပံ့ပိုးကူညီမှုနှင့်အတူ စာအုပ်ဆိုင်ခန်းပေါင်း ၇၀ ခန့်ဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သိမ်ဖြူလမ်းတွင် ရန်ကုန်စာအုပ်လမ်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ရန်ကုန်စာအုပ်လမ်း Yangon Book Street ၏ အပတ်စဉ် အစီအစဉ်များအဖြစ် ၁-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် စာရေးဆရာကိုရွှေအောင်သင်း၏ "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ အစီအစဉ်၊ မွန်းလွဲ ၃ နာရီတွင် အင်းစိန်အောင်စိုးစာအုပ်တိုက်မှ နာမည်ကြီး စာအုပ်ကောင်းများကို ထိုက်တန်စွာလက်ဆောင်ပေးမည့် "မေးကြည့်ဖြေကြည့် ပဟေဠိ" အစီအစဉ်တို့ကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်၍ စာပေချစ်မြတ်နိုးသူများအနေဖြင့် လာရောက်လေ့လာဖြေဆို၊ ဝယ်ယူနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**မြန်မာ့အလင်း**

# သီပေါ၌ ဆောင်းရာသီအားကစားလ စုပေါင်းလမ်းလျှောက်



**သီပေါ နိုဝင်ဘာ ၃၀**

၂၀၁၉ ခုနှစ် လူထုအားကစားစုပေါင်းလမ်းလျှောက်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံရာ စုရပ်၌ ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ စုစည်း၍ မန္တလေး - လားရှိုးပြည်ထောင်စုလမ်းမကြီး မန်ဟဲကျေးရွာအထိ စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးအရာရှိ ဒေါ်သန်းရွှေမာ ဦးဆောင်ပြီး စံဖိတ်ကျေးရွာ ဘောလုံးကွင်း၌ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။ (ဓါတ်ပုံ)

**စိုင်း(သီပေါ)**

# သတင်းစာဆရာကြီး နတ်မောက်ထွန်းရှိန် ကွယ်လွန်သွားပြီဖြစ်



သတင်းစာဆရာကြီး နတ်မောက်ထွန်းရှိန်ကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဘော်အိုင်ကျေးရွာ၌ အဖ ဦးကျော်ဟန်၊ အမိဒေါ်ညိုလေးတို့က ၁၉၃၈ ခုနှစ်တွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးထွန်းရှိန်ဖြစ်ပြီး မွေးချင်းရှစ်ယောက်အနက် တတိယမြောက်သားဖြစ်သည်။

ဘော်အိုင်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ မန္တလေးမြို့ စိန်တောင်အလယ်တန်းကျောင်း၊ ပညာဗိမာန်အလွတ်ကျောင်းတို့တွင် ပညာသင်ယူခဲ့သည်။ ငယ်စဉ်ကျောင်းသားဘဝမှစ၍ ကဗျာစပ်နည်းများ သင်ယူခဲ့သည်။ စိန်တောင်ကျောင်း၌ ပဉ္စမတန်းတက်နေစဉ် မြို့နယ်အဆင့်၊ ခရိုင်အဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည်။

၂၀၀၁ ခုနှစ်တွင် "ဝင်းတွေနှင့် တည်ခဲ့သည့် မင်းနေပြည်" စာအုပ်ဖြင့် သုတပဒေသာ (ဝိဇ္ဇာ)ဘာသာရပ်တွင် အမျိုးသားစာပေဆုရရှိခဲ့သည်။ ဆရာနတ်မောက်ထွန်းရှိန်သည် ၁၉၇၉ ခုနှစ်တွင် "မန္တလေးယဉ်ကျေးမှုအနုပညာ" လုံးချင်းစာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၈၀ တွင် "သူတို့ဘဝ သူတို့အနုပညာ"၊ ၁၉၈၄ ခုနှစ်တွင် "ကိုယ်တွေ့မန္တလေးမီး"၊ ၁၉၈၇ ခုနှစ်တွင် "ချိုပြုံးရွှင်သောမြနန္ဒာနှင့် မန်းသင်္ကြန်ရုပ်စုံ"၊ ၁၉၉၀ ပြည့်နှစ်တွင် "ပါတော်မူမှသည် နှစ်တစ်ရာ" စသည်ဖြင့် လုံးချင်းစာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။ ၁၉၉၀ ပြည့် နှစ်တွင် မန္တလေးယဉ်ကျေးမှုဂျာနယ်ကို တည်ထောင်ထုတ်ဝေခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော "ယနေ့မန္တလေး"စာအုပ်မှာ ထင်ရှားခဲ့သည်။ ၁၉၉၉ ခုနှစ် အောက်တိုဘာ ၃ ရက်မှစ၍ မန္တလေးနေ့စဉ်သတင်းစာ၏ တနင်္ဂနွေနေ့အချပ်ပိုကဏ္ဍတွင် "ဝင်းတွေနှင့်တည်ခဲ့သည့် မင်းနေပြည်" ဆောင်းပါးများကို အမှတ် ၁ မှ အမှတ် ၅၅ အထိ ရေးသားဖော်ပြခဲ့ရာ ပြည်သူအများ ကြိုက်နှစ်သက်စွာ ဖတ်ရှုခဲ့ကြသည်အထိ ဖြစ်ခဲ့ရသည်။

မန္တလေးနေ့စဉ်သတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ မန္တလေးနေ့စဉ်သတင်းစာ၊ ရတနာပုံသတင်းစာ၊ လုပ်သားသတင်းစာ စသည့်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းပေါင်း ၃၆ မျိုးတို့တွင် ကဗျာနှင့် ဆောင်းပါးပေါင်း ၇၀၀ ကျော်နှင့် လုံးချင်းစာအုပ် ကိုးအုပ်တို့ကို ရေးသားခဲ့သည်။

ယခုအခါ ရတနာပုံသတင်းစာ၊ အချစ်ဂျာနယ်၊ မဟာသတင်းဂျာနယ်၊ ကောင်းသတင်းဂျာနယ်၊ စက်မှုတိုးတက်ရေးဂျာနယ်များတွင် မန္တလေးသတင်းများ၊ ဆောင်းပါးများ ရေးသားလျက်ရှိသည်။ ထင်ရှားသော ကလောင်ခွဲများမှာ "မန်းကြီး" နှင့် "မောင်မျက်လုံး(မန်း)" တို့ဖြစ်သည်။ ဇနီးအမည်မှာ ဒေါ်မြမြဖြစ်ပြီး သားသမီး ငါးယောက်ရှိသည်။ မန္တလေးမြို့လမ်း ၂၀၊ ၈၆ လမ်း အကွက် (၁၁၈)၊ အောင်မြေသာစံရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိပြီး နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း ဝမ်းနည်းမှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လုပ်ငန်း တရားဝင်ဆောင်ရွက်ရေး

(က) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေးအက်ဥပဒေနှင့် ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း လုပ်ကိုင်လိုသော နိုင်ငံသားပိုင်ကုမ္ပဏီများအား ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

(ခ) ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရ အေဂျင်စီစာရင်းကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mol.gov. mm တွင် ဖော်ပြထားရှိပါသည်။

(ဂ) ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၃၅ အရ "မည်သူမဆို ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်မရှိဘဲ အလုပ်အကိုင်စုဆောင်းရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်း သို့မဟုတ် အလုပ်သမားထံမှ အခကြေးငွေရယူဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

(ဃ) သို့ပါ၍ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူများသည် သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုင်စင် လျှောက်ထားရယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

(င) ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လုပ်ငန်းကို ဥပဒေနှင့်အညီ လိုင်စင်လျှောက်ထားရယူခြင်းမရှိဘဲ လုပ်ကိုင်ဆောင်ရွက်ပါက ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

(စ) ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လုပ်ငန်းကို လိုင်စင်မရှိဘဲ တရားမဝင် လုပ်ကိုင် ဆောင်ရွက်နေကြောင်း သိရှိပါက အထောက်အထားများနှင့်တကွ အောက်ဖော်ပြပါလိပ်စာသို့ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည် -

**တိုင်ကြားရန်လိပ်စာ**

- အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊
  အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၅၁)၊
  နေပြည်တော်။
  ဖုန်းနံပါတ် - ၀၆၇၄၃၀၀၉၁၊ ၀၆၇-၄၃၀၄၉၆၊
  ဖက်စ်နံပါတ် - ၀၆၇ ၄၃၀၄၃၆
  အီးမေးလ်လိပ်စာ - localemploymentdivision@gmail.com
- အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဒေသကြီးရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊
  (၈/၁)နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်းနံပါတ် - ၀၁၆၆၇၆၄၄၊
- အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ တိုင်းဒေသကြီးရုံး၊ မန္တလေးတိုင်းဒေသကြီး၊
  အကွက်(၁၆၈)၊ (၈၃)လမ်း၊ (၂၃x၂၄) လမ်းကြား၊
  ပြည်ကြီးကျက်သရေအနောက်၊ အောင်မြေသာစံမြို့နယ်။
  ဖုန်းနံပါတ်- ၀၂ ၄၀၃၆၉၄၃၊ ၀၂ ၄၀၆၉၀၅၁၊

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

◆ *ကျော်ဖုံးမှ*

ယင်းနောက် ဖိလစ်ပိုင်အိုလံပစ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားပြီး ဖိလစ်ပိုင်နိုင်ငံသမ္မတ ဒူတာတေးက ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံဂုဏ်ဆောင် ကစားသမားများက ဆီးဂိမ်းပြိုင်ပွဲကျင်းပရေးအလံကို သယ်ဆောင်ပြီး ဖိလစ်ပိုင်နိုင်ငံမှ အားကစားသမားတစ်ဦးနှင့် ဒိုင်လူကြီးတစ်ဦးတို့က သစ္စာအဓိဋ္ဌာန်များ ရွတ်ဆိုကြသည်။ ဆက်လက်၍ ဖိလစ်ပိုင်နိုင်ငံမှ နာမည်ကြီးတေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဖွင့်ပွဲအခမ်းအနားကို အားကစားရုံ၌ ဆီးဂိမ်းပြိုင်ပွဲ ပထမဆုံးကျင်းပသည့် ပရိသတ် ၅၅၀၀၀ ဆံ့ အားကစားရုံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ မနီလာ၊ ဆူဘစ်၊ ကလာ့ခ်နှင့် အခြားမြို့များ၌ ကျင်းပမည်ဖြစ်ပြီး အချို့အားကစားနည်းများကို နိုဝင်ဘာ ၂၅ ရက်ကတည်းက ကျင်းပလျက်ရှိသည်။

ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၅၆ မျိုး ထည့်သွင်းကျင်းပလျက်ရှိပြီး ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် အားကစားနည်းအများဆုံး ထည့်သွင်းကျင်းပသည့် ပြိုင်ပွဲလည်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၃၁ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ယခုနှစ်ပြိုင်ပွဲတွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ အားကစားသမား ၅၅၀၀ ဝင်ရောက်ယှဉ်ပြိုင်နေသည်။

**သတင်း-ညီမြတ်သော်တာ**



၂၀၁၉ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံစက်ဘီးစီးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏစက်ဘီးကွင်း၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပထမတံခွန်စိုက်ဆုဖလားရရှိသွားသော (တောင်ဒဂုံမြို့နယ်)အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ အာကာစိုး



မြန်မာအားကစားအဖွဲ့ ဖွင့်ပွဲအခမ်းအနားကျင်းပသည့် အားကစားရုံအတွင်း ချီတက်လာစဉ်။ ဓာတ်ပုံ- စိုးညွန့် (ခေတ္တ-မနီလာ)

# အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးအဖွဲ့ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဒီဇင်ဘာ ၄ ရက်မှ ၈ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ Luisita Golf Club ၌ ကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဂေါက်သီးအားကစားအဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် ညပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။



**အမျိုးသားပြိုင်ပွဲသာ ယှဉ်ပြိုင်မည်**

ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဂေါက်သီးအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဗိုလ်မှူးကြီးစိုးသန်း (ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်)၊ အသင်းခေါင်းဆောင်အဖြစ် ဦးမျိုးသီဟ (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်)၊ ကစားသမားများအဖြစ် လှိုင်မင်းထက်၊ ရာဇာအောင်၊ ပြည့်ဖြိုးသူ၊ သီဟမျိုးဆက်တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲသာ ယှဉ်ပြိုင်မည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

**ဖိုးသော်ဇင်**

**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**



✽ *ကျော်ဖုံးမှ*

World Elite Youths Tournament ပြိုင်ပွဲတွင် အသက် (၇) နှစ်တန်းတွင် မဂျီဆန့်မိုင်နူးက ချန်ပီယံဆုရွှေတစ်ခု၊ အသက်(၈) နှစ်တန်းတွင် မောင်မရန်ဂျာလက ချန်ပီယံ ရွှေတံဆိပ်တစ်ခု၊ မောင်ဆိုင်းလတ်အောင်က ငွေတံဆိပ်ဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၄၀ ကျော်မှ အားကစားသမား ၁၈၀၀ ကျော်ပါဝင်ပြီး ပြိုင်ပွဲဝင်အတန်း ၁၉ တန်း ကျင်းပခဲ့ကြောင်း သိရသည်။

IKO Myanmar မှ ၂၀၂၀ ဧပြီလတွင် ကျင်းပမည့် ဂျပန်ကရာတေးဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အာကာစိုး**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့၊ မိုင်းယန်းမြို့၊ မင်းတပ်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ဝ ဒသမ ၃၁ လက်မဖြစ်သည်။

မိုး/ဇလ

# ပရီမီယာလိဂ် ပွဲစဉ်(၁၄) လက်ရှိချန်ပီယံ မန်စီးတီးတို့ အဝေးကွင်း၌ နယူးကာဆယ်ကို သရေကျ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၄)မှ အစောဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၃၀ ရက်စနေနေ့ညက၌ ယှဉ်ပြိုင်ခဲ့သည့် နယူးကာဆယ်နှင့် မန်စီးတီးပွဲတွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်နယူးကာဆယ်အသင်းသည် ၃-၄-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည်မန်စီးတီးအသင်းသည် ၄-၃-၃ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပွဲချိန် ၂၂ မိနစ်တွင် ဒေးဗစ်ဆေးလ်ဗား၏ ဖန်တီးမှုမှ တစ်ဆင့် စတာလင်းက မန်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၂၅ မိနစ်တွင် နယူးကာဆယ်ကွင်းလယ်ကစားသမား ဝီလ်လမ်စ်က ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယပိုင်း ၈၂ မိနစ်တွင် ဒီဘရိုင်းက မန်စီးတီးအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၈၈မိနစ်တွင် နယူးကာဆယ်ကွင်းလယ်ကစားသမား ရှယ်လ်ဗေးက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ **(ယာပုံ)**

ယနေ့ပွဲတွင် အပြန်အလှန် သွင်းဂိုးများဖြင့် ပရိသတ်ကို ဆွဲဆောင်နိုင်ခဲ့ပြီး အိမ်ရှင်နယူးကာဆယ်အသင်းသည် လက်ရှိချန်ပီယံကို ချေပဂိုးများဖြင့် သရေကျခဲ့ရာ ရမှတ်တစ်မှတ် ခွဲယူနိုင်ခဲ့သည်။ ယင်းပွဲတွင် ဧည့်သည်မန်စီးတီးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၂၄ ကြိမ်ထိရရှိကာ ကိုးကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင်နယူးကာဆယ်အသင်းသည် ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်သာရရှိခဲ့ပြီး သုံးကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ယနေ့ပွဲတွင် အကောင်းဆုံး ခြေစွမ်းပြခဲ့သည့် ကစားသမားမှာ မန်စီးတီး ကွင်းလယ်ကစားသမား ဒီဘရိုင်းဖြစ်ခဲ့သည်။

ပွဲစဉ်(၁၄) ယှဉ်ပြိုင်အပြီးတွင် မန်စီးတီးသည် ရမှတ် ၂၉မှတ်ဖြင့် ရပ်တည်နေပြီး နယူးကာဆယ်အသင်းသည် ရမှတ် ၁၆ မှတ်ဖြင့် တန်းဆင်းဇုန်အထက်တွင် ရုန်းကန်ရဦးမည်ဖြစ်သည်။



ပရီမီယာလိဂ် အခြားပွဲစဉ်ရလဒ်များအဖြစ် ပဲလေ့စ်က ဘန်လေကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဝက်စ်ဟမ်းက ချယ်လ်ဆီးကို တစ်ဂိုး-ဂိုးမရှိ၊ စပါးက ဘုန်းမောက်ကို သုံးဂိုး-နှစ်ဂိုးနှင့် ချန်ပီယံလမ်းကြောင်းပေါ်မှ လီဗာပူးအသင်းသည် အိမ်ကွင်းတွင် ဘရိုက်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**

# အင်းတော်၊ မိုင်းရယ်၊ မိုးမိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက အင်းတော်မြို့နယ် ကျောင်းကုန်းကျေးရွာ ကျောင်းကုန်း-ထီးချိုင့်သွား ကားလမ်း မိုင်တိုင်အမှတ်(၁/၁)အနီးတွင် စိန်မောင် (ခ)ခွန်စိတ်မောင် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၃ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီခန့်က မိုင်းရယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့ အမှတ်(၁)ရပ်ကွက် ဟန်နောင်ရပ်နေ စိုင်းပထွန်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဇနီး မပါပီးအား တွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် မြန်မာငွေကျပ် ၇၀၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ည ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု(၅၈) မိုးမိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုးဟောက်ကျေးရွာအုပ်စု ဘော်ဒေကျေးရွာအထွက်၊ မိုးမိတ်-တွင်းငယ်သွား ကားလမ်းတွင် မမာမာဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မိုးမိတ်မြို့နယ် မိုးဟောက်ကျေးရွာအုပ်စု ဘော်ဒေကျေးရွာနေ မာတူး၏ နေအိမ်ကိုရှာဖွေရာ ၎င်းအား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



စိန်မောင်(ခ)ခွန်စိတ်မောင်အား ဖမ်းဆီးရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

# ဘိုကလေးမြို့နယ်တွင် အုပ်စုဖွဲ့ဓားထိုးမှု ဖြစ်ပွား

**ဘိုကလေး နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၇)ရပ်ကွက်တွင် နေထိုင်သူ ဦးအောင်ဇေယျာထွန်း (၄၁နှစ်)အား အရိုးဆိုသူအပါအဝင် အမျိုးသား ခုနစ်ဦးက ဝိုင်းဝန်းထိုးကြိတ်ကာ ဓားဖြင့်ထိုးသဖြင့် ဦးအောင်ဇေယျာထွန်း၏ ဇနီးဖြစ်သူ ဒေါ်မိမိငြိမ်း(၅၀ နှစ်)က ယနေ့ နံနက် ၅ နာရီ မိနစ် ၂၀ တွင် ဘိုကလေးမြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။

၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ ဘိုကလေးမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဦးအောင်ဇေယျာထွန်းအား ဘိုကလေးပြည်သူ့ဆေးရုံကြီးမှ ဖျာပုံဆေးရုံကြီးသို့ လွှဲပြောင်းကုသလျက်ရှိကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

# ကျောက်တံခါးမြို့၌ ၂၂ ဘီးယာဉ် နောက်ဆုတ်စဉ် တိုက်မိ၍ လူတစ်ဦး သေဆုံး

**ကျောက်တံခါး နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ဟာရီးကျေးရွာအုပ်စု သူငွေးကုန်းကျေးရွာ၌ နိုဝင်ဘာ ၂၉ ရက် ညနေ ၄ နာရီခွဲခန့်က စိန်ကမ္ဘာဆန်စက်တွင် ကျောက်ပန်းတောင်းမြို့နယ်နေ ယာဉ်မောင်းဇေယျာအောင်(၂၃ နှစ်) မောင်းနှင်သော YGN-1L/---- ၂၂ ဘီးယာဉ်မှာ ဆန်စက်မှ ဆန်များတင်ရန် ယာဉ် နောက်ဆုတ်စဉ် ကျောက်တံခါးမြို့နယ်နေ ကိုဇော်မင်းလတ်(၃၅ နှစ်)အား ဝင်ရောက်တိုက်မိရာ ကိုဇော်မင်းလတ်မှာ ဆန်စက်အုတ်နံရံနှင့်ညှပ်၍ ဒဏ်ရာများရရှိကာ နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့မရဲစခန်းက ယာဉ်မောင်းဇေယျာအောင်အား အမှုဖွင့်ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## မြန်မာ့ရုပ်မြင်သံကြား

၁-၁၂-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၅ - အာရုံမစိုက်ဘဲမောင်းနှင်ခြင်း
၇:၄၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ကြည်ညိုဖူးမြော်ရန်ကင်းတောင်တော်"
၈:၃၅ - "ဒေါက်တာဝင်းမြတ်အေး (လူကယ်/ပြန်)ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း"
၈:၅၀ - တရုတ်ကာတွန်း "ငါးကြင်းလေးရဲ့စွန့်စားခန်း" (အပိုင်း-၃၄)
၉:၃၀ - "Mingalabar English" သင်ခန်းစာအစီအစဉ် (အပိုင်း-၇)
၉:၄၀ - MRTV Travelogue
၁၀:၀၀ - Sunday Talk
၁၀:၃၀ - လျှပ်စစ်လုပ်မီကြိုတင်ပြင်ဆင်ရန်အချက်များ
၁၁:၁၀ - လှပစုံလင်အာဆီယံတစ်ခွင်
၁၂:၄၅ - This Week's Special Interest
၁၃:၀၀ - မြန်မာဆေးရောင်စုံရုပ်ရှင် "မျှော်လင့်ခြင်းများစွာ"

**ညပိုင်း**

၁၆:၂၀ - "ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်နှင့် တွေ့ဆုံမေးမြန်းခြင်း"
၁၆:၃၀ - မူးလျှင်မမောင်းနှင့် မောင်းလျှင်မမူးနှင့်
၁၇:၂၀ - ထူးခြားစုံလင်အာရှပစိဖိတ် အစီအစဉ်
၁၇:၃၅ - NHK အစီအစဉ် "Project X: Innovators"
၁၈:၂၅ - လေ့လာစရာစုံလင်အမိမြန်ပြည် တစ်ခွင် "မြိတ်ဒေသ၏ ရေထွက်ကုန်ကဏန်းပျော့ မွေးမြူရေး"
၁၈:၄၀ - "ပဟေဠိဆန်တဲ့ကြွက်ဂူ"
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၀ - လျှင်လှုပ်ရင် ဘယ်လိုနေရမလဲ
၂၀:၃၅ - "လပတ်မိုးလေဝသ အခြေအနေ"
- "တက္ကသိုလ်ရာပြည့် ဂုဏ်ပြု အဖွင့်"
- "၂၀၁၈ခုနှစ်အတွက် အမျိုးသား စာပေဆုရှင်နှင့် တွေ့ဆုံခြင်း" (စာရေးဆရာ အောင်မြင့်ဦး -မဟာဝိဇ္ဇာ)
- "လေဘာတီမမြရင် နှစ် ၁၀၀ ပြည့် မန္တလေးအငြိမ့် အလွမ်းပြေ"

# ကလေးမြို့နယ်တွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်

**ကလေး နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် စော်ဘွားရေရှင်ကျေးရွာရှိ ဦးရှင်ခန့်မာန် (၅၄ နှစ်)၏ နေအိမ်တွင် နိုဝင်ဘာ ၂၉ ရက် ည ၈ နာရီ မိနစ် ၅၀ ခန့်က မီးဖိုရှိ မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းခဲ့ရာ မြေစိုက်မီးဖိုချောင်နှင့် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားနေကြောင်း သတင်းအရ မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးအောင်ကိုငွေး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးမင်းကျော်နှင့် တမူးမြို့ ခမ်းပတ်နယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ကြပ်ကြီး ဦးစိုးမိုးအောင်တို့ ဦးဆောင်သော သန္ဓေတပ်ဖွဲ့ဝင် ၂၂ ဦးသည် မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့်အတူ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ စုပေါင်း၍ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးရှင်ခန့်မာန်အား ကလေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းသား

# တပ်ကုန်းမြို့တွင်းနှင့် ရန်ကုန်-မန္တလေးကားလမ်းဘေး ဝဲ/ယာ သန့်ရှင်းသာယာလှပစေရေး စုပေါင်းအမှိုက်ကောက်



**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့၌ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကိုယ်ပိုင်ကျောင်း၊ ဘော်ဒါဆောင်နေ ကျောင်းသား ကျောင်းသူများ ပူးပေါင်းပြီး တပ်ကုန်းမြို့တွင်းနှင့် ရန်ကုန်-မန္တလေးကားလမ်း ဘေးဝဲ/ယာ သန့်ရှင်းသာယာလှပစေရေးအတွက် ယနေ့ နံနက်ပိုင်းက စုပေါင်းအမှိုက်ကောက်ခြင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းအမှိုက်ကောက်ရာတွင် တပ်ကုန်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးအောင်လင်းထက်နှင့် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများက ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် စွန့်ပစ်ပလတ်စတစ်များ၊ ပလတ်စတစ်ဘူးခွံနှင့် ကြွပ်ကြွပ်အိတ်များကို အမှိုက်သိမ်းဆည်း ယာဉ်နှစ်စီးဖြင့် ကောက်ယူသိမ်းဆည်းခဲ့ကြောင်း၊ စုပေါင်းအမှိုက်ကောက်ရာတွင် ပါဝင်သူများအား နေပြည်တော် စည်ပင်ဘဏ်လီမိတက်က နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

### အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။



လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိက ဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။



ဦးပိန်တံတား သန့်ရှင်းသာယာလှပရေးအတွက် မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်အင်းအတွင်းရှိ ဦးပိန်တံတားအနောက်ဘက်ခြမ်းတွင် နိုဝင်ဘာ ၃၀ ရက် နံနက်က Trash Hero အဖွဲ့က ဦးဆောင်၍ စုပေါင်းအမှိုက်ကောက်စဉ်။

သန်းဇော်မင်း(ပြန်/ဆက်)

# လန်ဒန်တံတား၌ ဓားကိုင်တိုက်ခိုက်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံးပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရ

**လန်ဒန် နိုဝင်ဘာ ၃၀**

လူနှစ်ဦးသေဆုံးပြီး လူများစွာ ထိခိုက်ဒဏ်ရာရစေခဲ့သူ လူတစ်ဦးကို ဓားကိုင်တိုက်ခိုက်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းလိုက်ပြီးနောက် လန်ဒန်မြို့လယ်ရှိ သိမ်းမြစ်ကို ဖြတ်၍ တည်ဆောက်ထားသော လန်ဒန်တံတားကို ယမန်နေ့က ပိတ်ထားလိုက်ရကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။



ဓားကိုင်တိုက်ခိုက်သူကို တွေ့ရစဉ်။

လူနှစ်ဦးကို သေစေခဲ့သည့် သံသယရှိသူမှာ အကြမ်းဖက်မှုဖြင့် အကျဉ်းကျနေရာမှ လွတ်မြောက်လာသည့် အကျဉ်းသားဟောင်းတစ်ဦး ဖြစ်ကြောင်း ရဲတပ်ဖွဲ့က နိုဝင်ဘာ ၃၀ ရက်က ပြောကြားသည်။ ပြစ်မှုကျူးလွန်သူမှာ အယ်လ်ကိုင်ဒါ အကြမ်းဖက်အဖွဲ့ကို အားကျနေသည့် အသက် ၂၈ နှစ်ရှိ အုစမန်ခမ်ဆိုသူဖြစ်ပြီး အင်္ဂလန်အလယ်ပိုင်း စတက်အွန်ထရန့်မြို့မှဖြစ်ကြောင်း သိရသည်။

မြို့တော်ရဲများက ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၅၈ မိနစ်တွင် တံတားအနီးရှိ အဆောက်အအုံတစ်ခု၏ ဥပစာရှေ့တွင် ဓားကိုင်တိုက်ခိုက်မှုဖြစ်နေသည်ဟု ဖုန်းခေါ်ဆိုမှုရရှိခဲ့သည်။ အဆိုပါ တံတားအနီးတွင် ၂၀၁၇ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုတစ်ခု အကြီးအကျယ်ဖြစ်ပွားခဲ့ရာ လူရှစ်ဦး သေဆုံးခဲ့သည်။

လူတစ်ဦးကိုဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း၊ လူအတော်များများလည်း ထိခိုက်ဒဏ်ရာရရှိမည်ဟု ယူဆကြောင်း မြို့တော်ရဲများက ပြောခဲ့သည်။

ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က လန်ဒန်တံတားတွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်ကို မေ့မည်မဟုတ်ကြောင်း၊ ချက်ချင်းတုံ့ပြန်မှုများ ဆောင်ရွက်နိုင်ခဲ့သည့် ရဲများနှင့် အရေးပေါ်အဖွဲ့များကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထဲရေးဝန်ကြီး ပရီတီပါတယ်က အဆိုပါဖြစ်ရပ်နှင့် ပတ်သက်ပြီး အလွန်စိုးရိမ်မိကြောင်း ပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်သည် တံတား၏ မြောက်ဘက်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ လူများသည် အဆိုပါတိုက်ခိုက်မှုဖြစ်ပွားသည့် နေရာအနီးမှ လျင်မြန်စွာ ဝရုန်းသုန်းကား ထွက်ခွာသွားကြသည်။ လန်ဒန်လူနာတင်ယာဉ် ဝန်ဆောင်မှုက မိမိတို့တပ်ဖွဲ့များသည် အခင်းဖြစ်ပွားရာနေရာတွင် ရောက်နေကြပြီဖြစ်ကြောင်းနှင့် ယခုဖြစ်ရပ်သည် အဓိကဖြစ်ရပ်ကြီးတစ်ခုဖြစ်ကြောင်း ပြောခဲ့သည်။




အခင်းဖြစ်ပွားရာနေရာတွင် ရဲများကိုတွေ့ရစဉ်။

မျက်မြင်သက်သေတစ်ဦးက မိမိနှင့် အခြားလူများသည် အခင်းဖြစ်ပွားရာနေရာမှ အနီးရှိစားသောက်ဆိုင်တစ်ခုသို့ ပြေးဝင်သွားကြပြီး စားသောက်ဆိုင်ရှိ ဝန်ထမ်းများအား မိမိတို့ကို ကူညီပေးရန် ပြောကြားခဲ့ကြောင်းနှင့် သေနတ်သံများလည်း ကြားရကြောင်း ပြန်ပြောင်းပြောပြသည်။

၂၀၁၇ ခုနှစ် အကြမ်းဖက်တိုက်ခိုက်မှုတွင် ဗန်ကားနှင့် လိုက်ပါလာသည့် အစ္စလာမ္မစ်အစွန်းရောက်များက လန်ဒန်တံတားပေါ်တွင် လူများကို ကားဖြင့်တိုက်ခဲ့ပြီးနောက် တွေ့ရာလူများကို ဆက်လက်တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ လူ ၄၈ ဦး ပြင်းပြင်းထန်ထန် ဒဏ်ရာများ ရရှိခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက အဆိုပါ အကြမ်းဖက်တိုက်ခိုက်သူ သုံးဦးကို ပစ်သတ်ခဲ့ရသည်။

**အေအက်ဖ်ပီ**

# လက်ဘနွန်တွင် စက်သုံးဆီအရောင်းဆိုင်များက သပိတ်မှောက်

**ဘေရွတ် နိုဝင်ဘာ ၃၀**

လက်ဘနွန်နိုင်ငံရှိ စက်သုံးဆီအရောင်းဆိုင်များက ဒုတိယနေ့အဖြစ် ဆက်လက်သပိတ်မှောက်ခဲ့ကြရာ ဒေါသထွက်နေသည့် လက်ဘနွန်ပြည်သူများကလည်း အဓိကလမ်းမကြီးများကို ယမန်နေ့က ပိတ်ခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

စက်သုံးဆီ ဆိုင်ပိုင်ရှင်များက ငွေပေါ်လွယ်မှုမရှိဘဲ အရှုံးများနေသောကြောင့် နိုဝင်ဘာ ၂၈ ရက်ကတည်းက သပိတ်မှောက်မည်ဟု ကြေညာခဲ့သည်။

တစ်လကျော် ကြာသည်အထိ မမျှော်မှန်းနိုင်သည့် အစိုးရဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပွားနေသောကြောင့် လက်ဘနွန်နိုင်ငံသည် ယခုအခါတွင် စီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်းများကို ယှဉ်တွဲရင်ဆိုင်နေရသည်။

ဘေရွတ်နှင့် အခြားအဓိကမြို့ကြီးများတွင် ကားမောင်းသမားများသည် ၎င်းတို့၏ ကားများကို ရပ်တန့်ခဲ့ရာ အဓိကလမ်းမကြီးများကို ပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြောင်း အမျိုးသားသတင်းဌာနနှင့် အေအက်ဖ်ပီ ဓာတ်ပုံသတင်းထောက်တို့က ပြောကြားခဲ့သည်။

မြို့တော်ရှိ စက်သုံးဆီအရောင်းဆိုင်များ ပိတ်ထားကြပြီး ဆိုင်အဝင်လမ်းများကိုပိတ်ခဲ့ရသည်ဟု ဆိုသည်။ သို့သော်လည်း လက်တစ်ဆုပ်စာမျှရှိသောဆီဆိုင်များမှာ ဆက်လက်ဖွင့်ထားဆဲဖြစ်ကြောင်း အေအက်ဖ်ပီ ဓာတ်ပုံသတင်းထောက်က ဆက်လက်ပြောကြားခဲ့သည်။




သပိတ်မှောက်နေသည့် စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်ကိုတွေ့ရစဉ်။

၎င်း၏ဆိုင်ကယ် ဓာတ်ဆီပြတ်တောက်ခဲ့ကြောင်းနှင့် ဆီဆိုင်အပြင်ဘက်တွင် သုံးနာရီခန့် စောင့်ခဲ့ရကြောင်း ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

ပြည်သူများအားလုံး စိုးရိမ်ပူပန်နေကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အားလုံး အလုပ်သွားရန် ဓာတ်ဆီလိုကြောင်း အဆိုပါဒေသခံက ဆက်လက်ပြောကြားခဲ့သည်။ ဆီဆိုင်တစ်ဆိုင်သည် နာရီဝက်ဖွင့်ခဲ့ပြီးနောက်ပိုင်း ဆီဖြည့်ရန်စောင့်ဆိုင်းနေသူများအချင်းချင်း ရန်ပွဲဖြစ်ကြသောကြောင့် ပြန်လည်ပိတ်လိုက်ရသည်။

ပြည်တွင်းရုပ်သံလိုင်းတစ်ခုတွင်လည်း အမျိုးသမီးတစ်ဦးသည် ၎င်း၏ကားကို လမ်းအလယ်တွင်ပစ်ထားခဲ့ပြီး ဆီလိုက်ရှာသည့် ပုံရိပ်ကို ပြသခဲ့သည်။ ဆီဆိုင် ၁၀ ဆိုင်ထက်မနည်းလိုက်ရှာခဲ့သော်လည်း မည်သည့်ဆီမှ မရခဲ့ကြောင်း ၎င်းက ပြောသည်။

နိုဝင်ဘာ ၂၉ ရက်က လက်ဘနွန်ဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူး ဂျန်ကူးဘစ်သည် အဆိုပါပဋိပက္ခများကို ဖြေရှင်းနိုင်ရန် ဗဟိုဘဏ်ဥက္ကဋ္ဌ အပါအဝင် အရာရှိအတော်များများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ပီရူးအတိုက်အခံခေါင်းဆောင် တစ်နှစ်ကျော် ဖမ်းဆီးခံရပြီးနောက် ပြန်လည်လွတ်မြောက်

**လီမာ နိုဝင်ဘာ ၃၀**

ပီရူးအတိုက်အခံခေါင်းဆောင် ကဲကိုဖူဂျီမိုရီကို အကျင့်ပျက်ခြစားမှု စွပ်စွဲချက်ဖြင့် တစ်နှစ်ကျော်ဖမ်းဆီးပြီးနောက်ပိုင်းတွင် ထောင်မှ ပြန်လည်လွှတ်ပေးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၃၀ ရက်က ဖော်ပြခဲ့သည်။

ဖူဂျီမိုရီသည် ယမန်နေ့က ထောင်မှ ထွက်ခွာလာခဲ့သည်။ သူသည် သမ္မတဟောင်း အယ်လ်ဘာတို ဖူဂျီမိုရီ၏ အကြီးဆုံးသမီးဖြစ်သည်။ ဖူဂျီမိုရီသည် ဩဇာအာဏာရှိသော နိုင်ငံရေးမျက်နှာသိတစ်ဦးဖြစ်ပြီး သမ္မတရွေးကောက်ပွဲအတွက် နှစ်ကြိမ်တိုင်တိုင် ဝင်ရောက်ယှဉ်ပြိုင်ဖူးကြောင်း သိရသည်။

တရားမဝင် စည်းရုံးလှုံ့ဆော်ပွဲ ထည့်ဝင်ငွေများကို လက်ခံသည့်ပြစ်မှုဖြင့် အစိုးရရှေ့နေများက ၂၀၁၈ ခုနှစ်၌ မြို့တော်လီမာတွင် သူ့ကို ဖမ်းဆီးခဲ့သည်။ ၎င်းကအသနားခံခဲ့သော်လည်း ထွက်ပြေးမည်စိုး၍ သူ့ကို ထိန်းသိမ်းခဲ့သည်။

အစိုးရရှေ့နေများပေးသော အချက်အလက်များသည် ခိုင်လုံမှုမရှိကြောင်းနှင့် ၎င်းတို့သည် မှန်းဆမှုများကိုသာ အခြေခံထားပြီး ရှင်းရှင်းလင်းလင်း မရှိကြောင်း ပြောကြားလိုက်ပြီးနောက် နိုင်ငံတော်တရားရုံးချုပ်က သူ့ကိုလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

အကျင့်ပျက်ခြစားမှုဆန့်ကျင်ရေးလှုပ်ရှားမှုအပေါ် အတိုက်အခံဥပဒေပြုသူများနှင့် အမြင်မတူဖြစ်နေသည့်အချိန်၊ သမ္မတ မာတင်ဗစ်ကာရာက ကွန်ဂရက်ကို ဖျက်သိမ်းခြင်းမပြုမီကပင် ဖူဂျီမိုရီ၏အတိုက်အခံပါတီသည် ကွန်ဂရက်တွင် နေရာအများစုကိုယူထားနိုင်ခဲ့သည်။

ပီရူးနိုင်ငံသည် နောက်နှစ် ဇန်နဝါရီလတွင် ရွေးကောက်ပွဲတစ်ရပ် ကျင်းပမည်ဖြစ်သည်။ ဖူဂျီမိုရီ၏လွတ်မြောက်လာမှုသည် အတိုက်အခံအင်အားစုများနှင့် အာဏာရပါတီကြား ပဋိပက္ခများကို ပိုမိုဖြစ်ပွားစေနိုင်သည်ဟု နိုင်ငံရေးကျွမ်းကျင်သူများက သုံးသပ်ထားသည်။ အတိုက်အခံထောက်ခံသည့် လူထုဆန္ဒပြမှုများလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဝန်ကြီးချုပ် နုတ်ထွက်ပြီးနောက် အီရတ်ခေါင်းဆောင်များအား မကျေနပ်ချက်ဖွင့်ချရန် အမေရိကန်ပြော

**ဘဂ္ဂဒက် နိုဝင်ဘာ ၃၀**

ပြဿနာများ ဝိုင်းဝိုင်းလည်နေသော ဝန်ကြီးချုပ် နုတ်ထွက်မည်ဟု ကြေညာပြီးနောက် အမေရိကန်ပြည်ထောင်စုသည် အီရတ်ခေါင်းဆောင်များအား အကျင့်ပျက်ခြစားမှုများအပါအဝင် ဆန္ဒပြသူများ၏ မကျေနပ်ချက်များအား တရားဝင်ချပြရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

နှစ်လကြာဖြစ်ပွားခဲ့သော ဆန္ဒပြမှု၏ ရိုက်ခတ်မှုကြောင့်သာ မိမိတို့သည် ဆန္ဒပြသူများ၏ စိုးရိမ်ပူပန်မှုနှင့်ပတ်သက်ပြီး ယခုလို မျှဝေခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မိမိတို့အနေဖြင့် အီရတ်အစိုးရကို အလုပ်လက်မဲ့ပြဿနာ၊ လာဘ်ပေးလာဘ်ယူမှု၊ ဖွဲ့စည်းပုံအခြေခံပြောင်းလဲရေး စသည့်ပြည်သူများတောင်းဆိုလျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုများကို လျင်လျင်မြန်မြန် ပြုလုပ်ပေးရန် တောင်းဆိုလိုကြောင်းလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

သို့သော်လည်း ပြောရေးဆိုခွင့်ရှိသူသည် ဝန်ကြီးချုပ် အဒယ်အက်ဘ်ဒယ်မာဒီနုတ်ထွက်သည့် ဆုံးဖြတ်ချက်အပေါ် တိုက်ရိုက်မှတ်ချက်ပြုပြောကြားခြင်းမပြုလုပ်ခဲ့သလိုအီရတ်အစိုးရကို နောက်ထပ်မှတ်ချက်ပြုပြောကြားမှုများကိုလည်း ချက်ချင်းမပြုလုပ်ဘဲ ရွှေ့ဆိုင်းထားသေးကြောင်း သိရသည်။

အက်ဘ်ဒယ်မာဒီကို အီရန်နှင့် အမေရိကန် ပြည်ထောင်စုနှစ်ခုစလုံး ကျေနပ်မှုရစေသူအဖြစ် သာမက သွက်လက်ချက်ချာသော နိုင်ငံရေးသမားတစ်ဦးအနေဖြင့်ပါ ရှုမြင်ကြသော်လည်း နှစ်လကြာဖြစ်ပွားခဲ့သော ဆန္ဒပြမှုများအတွင်း လူပေါင်း ၄၀၀ ကျော်သေဆုံးခဲ့သည့်အတွက် ၎င်းသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သကဲ့သို့ ၎င်းကိုရှီးယိုက်မွတ်စလင် အများစုကလည်း မထောက်ခံကြောင်း သိရသည်။

ဆန္ဒပြသူများ၏စကားသံများကို နားထောင်ရန် အမေရိကန်က အီရတ်ခေါင်းဆောင်များကို မကြာခဏ သတိပေးပြောကြားခဲ့သော်လည်း ယခုအခြေအနေတွင်ဟုတ်တိပတ်တိပါဝင်ခြင်းမရှိပေ။ အမေရိကန်က အဓိကအာရုံစိုက်သည်မှာ အီရတ်သည် ၎င်းကိုယ်တိုင်အီရန်နှင့် အလှမ်းကွာဝေးလာခြင်းကိုပင် ဖြစ်သည်။



အစိုးရအား ဆန့်ကျင်ဆန္ဒပြနေသူတစ်ဦးကို တွေ့ရစဉ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ခိုးယူငွေကြေးများဖြင့် ကြီးပွားချမ်းသာလာသည့် အီရတ်အရာရှိများကို အရေးယူပိတ်ဆို့မှုများ ပြုလုပ်မည်ဆိုကာ ခြိမ်းခြောက်လျက်ရှိသည်။ အက်ဘ်ဒယ်မာဒီသည် အကောင်းဆုံးဝန်ကြီးချုပ်ဖြစ်မည်ဟု အမေရိကန် မျှော်လင့်နေတုန်းတွင် နိုင်ငံတွင်းပဋိပက္ခများ မြင့်တက်လာရာ နောက်ဆုံးတွင် ဝန်ကြီးချုပ် နုတ်ထွက်ပေးမည်ဟု တရားဝင်ကြေညာသည်အထိ ဖြစ်လာခဲ့သည်။

**အေအက်ဖ်ပီ**

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ဒီဇင်ဘာရဲ့ညတစ်ညမှာ ကလေးတွေကို လက်ဆောင်တွေပေးတဲ့ ဘိုးဘိုးကြီး ဆန်တာကလော့



ကေ-ဂျူဝယ်လ်

ဆောင်းတွင်းကိုရောက်လာပြီဆိုတော့ ကလေးတို့ဒီဇင်ဘာကျောင်းပိတ်ရက်ကို မျှော်နေကြပြီမဟုတ်လား။ ဒီဇင်ဘာ ၂၄ ရက်နေ့ညမှာ ကလေးလေးတွေ ရှိတဲ့အိမ်ကိုရောက်လာပြီး ခြေအိတ်ကလေးထဲကို လက်ဆောင်တွေထည့်ပေးသွားတတ်တဲ့ ဘိုးဘိုးကြီးတစ်ယောက်ရှိတယ်ဆိုတာ ကလေးတို့သိကြသလား။ အဲဒီအယူအဆက မမတို့နိုင်ငံနဲ့တော့ နည်းနည်းလေးအလှမ်းဝေးတာပေါ့ကွယ်။ ကမ္ဘာကြီးရဲ့ အရှေ့ခြမ်းမှာရှိတဲ့ မမတို့ဆီမှာ နှင်းတွေရှိတဲ့နေရာဆိုလို့ တောင်ပေါ်ဒေသတချို့မှာပဲရှိပြီး အများစုကတော့ ပူပြင်းစိုစွတ်တဲ့ ရာသီဥတုရှိတယ်လေ။ ဒါကြောင့် ဒီဇင်ဘာကျောင်းပိတ်ရက်တွေ၊ ခရစ္စမတ်နေ့တွေဟာလည်း အများကြီးထူးခြားမှုမရှိဘူးပေါ့။ ဒါပေမယ့် သိပ်ကိုအေးပြီး ရေခဲတတ်တဲ့ တိုင်းပြည်တော်တော်များများမှာတော့ ဒီဇင်ဘာပိတ်ရက်တွေ၊ ခရစ္စမတ်နေ့နဲ့ နှစ်သစ်ကူးညတွေဟာ အတော်လေးစိတ်လှုပ်ရှားဖို့ကောင်းတာပေါ့ကွယ်။ မမတို့ဆီက နှစ်သစ်ကူးသင်္ကြန်ပွဲတော်လိုမျိုးပေါ့။



ဒီဇင်ဘာ ၂၄ ရက်ညမှာ ကလေးတို့ဟာ သိပ်ကိုစိတ်လှုပ်ရှားကြတာပေါ့။ ခရစ္စမတ်ဘိုးဘိုးကြီးလို့ခေါ်တဲ့ ဆန်တာကလော့ဟာ ကလေးတွေရှိတဲ့အိမ်ရဲ့ တံခါးပေါက်မှာ ကလေးတို့အတွက် လက်ဆောင်လေးတွေ ချထားပေးတတ်တယ်လေ။ ညမအိပ်ဘဲ စောင့်ချင်ပေမယ့် ကလေးတွေဟာ မနက်အထိ မစောင့်နိုင်ကြဘဲ အိပ်ပျော်သွားကြရင်း မိုးလင်းတဲ့အခါ တံခါးကို အလုအယက် ဖွင့်ကြည့်ကြတာပေါ့။ သူတို့ အမည်လေးတွေနဲ့ ခရစ္စမတ်လက်ဆောင်လေးတွေကို ရကြတဲ့အခါ အလွန်ပျော်ကြတာပေါ့။ မမက ဒီတစ်ပတ်မှာ ခရစ္စမတ်ဘိုးဘိုးကြီး ဆန်တာကလော့ တကယ်ရှိသလား၊ သူက တကယ်ပဲ လက်ဆောင်လေးတွေ ပေးသလားဆိုတာကို ပြောပြချင်ပါတယ်။

ဥရောပတိုက်နိုင်ငံတွေက စခဲ့တယ်လို့ ပြောကြပေမယ့် နှင်းခဲတဲ့နိုင်ငံတိုင်းက ဆန်တာဟာ သူတို့နိုင်ငံကပါဆိုပြီး ပြောကြပါတယ်။ ဟော်လန်မှာတော့ ကက်သလစ် ခရစ်ယာန်ဘာသာရဲ့ ဘုန်းတော်ကြီး စိန့်နီကိုးလပ်စ်ဟာ ခရစ္စမတ်ဘိုးဘိုးကြီးလို့ ယုံကြည်ကြပါတယ်။ ဘုန်းတော်ကြီးဟာ ချမ်းအေးတဲ့ကာလမှာ အဖြူရောင်တုတ်ကြီးကို ကိုင်ပြီး မြင်းကြီးကိုစီးလာတတ်ပြီး ကလေးတွေကို သိပ်ချစ်တတ်ပါသတဲ့။ နောက်ထပ် ခရစ္စမတ်ဘိုးဘိုးကြီးလို့ ပြောစမှတ်တွင်ခဲ့သူကတော့ ခရစ်ယာန်ဘုန်းတော်ကြီး ခရစ္စမတ်ပေါ့။ သူက ထွားကြိုင်းပြီး ခေါင်းစွပ်လည်း စွပ်တယ်၊ ကလေးတွေအတွက် စားစရာတွေလည်း ပေးခဲ့ဖူးသတဲ့။ အမေရိကန်ပြည်ထောင်စုမှာတော့ အဲဒီဘိုးဘိုးကြီးကို ဆန်တာကလော့၊ စိန့်နီကိုးလပ်စ်၊ ဖာသာခရစ္စမတ်နဲ့ ကရစ်ကရင်ချ်ဆိုပြီးတော့ ခေါ်ကြပါတယ်။

၁၈၂၃ ခုနှစ်မှာ ခရစ္စမတ်မတိုင်မီညဆိုတဲ့ ကဗျာလေးကို အမေရိကန်ပြည်ထောင်စုမှာ ပုံနှိပ်ခဲ့သတဲ့။ အဲဒီကဗျာမှာ ခရစ္စမတ်နေ့ မတိုင်ခင်တစ်ရက်မှာ အင်္ကျီအနီရောင်ဝတ်ထားတဲ့ လူကြီးတစ်ယောက်ဟာ ခြေအိတ်ထဲကို လက်ဆောင်လေးတွေထည့်ပြီး ကလေးတွေကို လက်ဆောင်ပေးသတဲ့။ သူက လူပုလေးတစ်ယောက်ဖြစ်ပြီး သမင်လေးတွေဆွဲတဲ့လှည်းလေးနဲ့ တစ်အိမ်ဝင်တစ်အိမ်ထွက် လက်ဆောင်ပေးတယ်လို့ ဆိုထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆန်တာကလော့ဟာ ကလေးတွေရဲ့အချစ်တော်ဖြစ်ပြီး လိုချင်တာတွေကို ခရစ္စမတ်မတိုင်ခင် တစ်ပတ်လောက်ကတည်းက ကလေးလေးတွေဟာ ကြိုပြီး ဆန်တာကြားအောင် ပြောထားကြတယ်။

ဆန်တာရဲ့အိမ်က ဘယ်နားရှိတယ်ဆိုတာလည်း အငြင်းအခုံတွေ ဖြစ်ကြတာပေါ့။ နောက်ဆုံးမှာတော့ ဖင်လန်နိုင်ငံမြောက်ပိုင်းမှာ ရှိတဲ့ ရိုဗန်နိုင်မီဆိုတဲ့ မြို့လေးဟာ ဆန်တာရဲ့ မြို့ဆိုပြီး ယုံကြည်ကြသူတွေများလာပါတယ်။ အဲဒီမြို့ရဲ့ ရွာလေးတစ်ရွာမှာ ဆန်တာရှိပြီး ခရစ္စမတ်နေ့မတိုင်ခင် နှစ်ရက်အလို ကတည်းက သမင်ကြီးတွေဆွဲထားတဲ့ စွပ်ဖားလှည်းကြီးနဲ့ လက်ဆောင်တွေတင်ပြီး သူက ကလေးတို့အိမ် တွေကို သွားတယ်ဆိုပြီး ယုံကြည်တဲ့အတွက် ဆန်တာကို မြင်ချင်လို့ ဒီဇင်ဘာ ၂၃ ရက်မှာ ဖင်လန်နိုင်ငံ ရိုဗန်နိုင်မီမြို့ကို သွားလည်သူတွေ မနည်းမနောပဲတဲ့ ကလေးတို့ရေ။

ကနေဒါနိုင်ငံမှာတော့ ဆန်တာကို နိုင်ငံသားအဖြစ် ကြေညာထားပြီး သူ့ဆီကို စာပို့နိုင်ဖို့ စာတိုက်သေတ္တာနံပါတ်တောင် သတ်မှတ်ပေးထားပါသေးတယ်။ အမေရိကန်ပြည်ထောင်စုမှာလည်း ဆန်တာနဲ့ ဆက်သွယ်နိုင်တဲ့ ဖုန်းနံပါတ်ထားရှိပြီး ကလေးတို့ စိတ်ကြိုက် ပြောခွင့်ပေးထားပါသေးတယ်။ ကလေးတွေဟာ ဆန်တာ့ဆီက လက်ဆောင်ကို ခရစ္စမတ်နေ့မတိုင်မီ မျှော်ကြတဲ့ အလေ့အထကတော့ အတော်လေးကြာခဲ့ပြီပေါ့ကွယ်။

ခရစ္စမတ်နေ့ဆိုတာကတော့ ခရစ်ယာန်ဘာသာဝင်တွေ အထွတ်အမြတ်ထားတဲ့နေ့ပဲ ကလေးတို့ရေ။ အဲဒီတော့ ခရစ္စမတ်နေ့ မတိုင်မီညမှာ ဆန်တာကလော့ဆိုတဲ့ ဘိုးဘိုးကြီးက ပေးတဲ့လက်ဆောင်ကို ကလေးတိုင်းက တန်ဖိုးထားကြသတဲ့။ အမှန်ကတော့ ခရစ်ယာန်ဘာသာဝင် မိဘတွေ၊ အဘိုးအဘွားတွေက ကလေးတွေကို ပျော်ရွှင်အောင်၊ ချစ်ခင်မှုကို တန်ဖိုးထားတတ်အောင် ကလေးတို့ လိုချင်တဲ့ လက်ဆောင်လေးတွေကို သူတို့အိပ်တဲ့အချိန်မှာ အိမ်ရှေ့တို့၊ ကလေးတို့ခုတင်ခြေရင်းတို့မှာ ချထားပေးကြတာဖြစ်ပါတယ်။ ကလေးတို့တွေ ခရစ္စမတ်နေ့နိုးထလာတဲ့အခါ လက်ဆောင်လေးတွေရပြီး ပျော်သွားရအောင်လို့ပေါ့။ ဘယ်လိုပဲ ဖြစ်ဖြစ် ဆန်တာကလော့ဘိုးဘိုးကြီးဟာ လိမ္မာတဲ့ ကလေးတွေကို လက်ဆောင်ကြီးကြီးတွေ ပေးပြီးဆိုးတဲ့ကလေးလေးတွေကိုလက်ဆောင် သေးသေးလေးတွေ ပေးတယ်လို့လည်း ယုံကြည်ကြပါသတဲ့။ ကလေးတို့လည်း ခရစ္စမတ်ညမတိုင်ခင်ညမှာ ခရစ္စမတ်ဘိုးဘိုးကြီးကို စောင့်ကြည့်လိုက်ကြပါဦးနော်။ ။

## လောကဝတ် (Etiquette)

မမမေ

# စာသင်ခန်းထဲမှာသတိထားရမယ့် အမူအကျင့်လေးတွေ

**ဒီတစ်ပတ်မှာကလေးတို့ စာသင်ခန်းတွေထဲမှာ ရှေ့က ဆရာ၊ ဆရာမတွေရဲ့ သင်ကြားမှုအချိန်မှာ လိုက်နာသင့်တဲ့ ကျင့်ဝတ်ကလေးတွေကို ပြောပြလိုပါတယ်။ ဒီကျင့်ဝတ်ကလေးတွေကို လေးစားလိုက်နာခဲ့မယ်ဆိုရင် ကလေးတို့ဟာ စာကိုပိုပြီး တတ်မြောက်နိုင်မှာဖြစ်သလို မွန်မွန်ရည်ရည်ရှိပြီး ယဉ်ကျေးတဲ့ကလေးတွေလို့လည်း သတ်မှတ်ခံရမှာပါ။**



### အာရုံမများ၊ မှတ်ထားပါ

ပထမဆုံးကတော့ စာသင်ချိန်မှာ အာရုံကိုစာထဲမှာပဲ ထည့်ထားတတ်ဖို့လိုပါတယ်။ မြန်မာဘာသာကို သင်နေတုန်းမှာ အခြားဘာသာတွေအကြောင်း၊ ဆော့ကစားဖို့ အကြောင်း စဉ်းစားမိမယ်ဆိုရင် ကလေးတို့ဟာ ဆရာတွေ သင်တာကို သိနိုင်၊ မှတ်နိုင်မှာမဟုတ်လို့ သတိထားစေချင်ပါတယ်။

### နားထောင်ရင်း မှတ်စုလိုက်ပါ

များသောအားဖြင့် ကလေးတို့ဟာ နားထောင်စဉ်မှာ မှတ်မိပေမယ့် ပြီးသွားရင် မေ့သွားတတ်ကြတယ်။ အိမ်စာပေးတာဖြစ်ဖြစ်၊ ဆရာမက စာကျက်ခိုင်းတာဖြစ်ဖြစ် ကလေးတို့ကို တစ်ခုခုလုပ်ဖို့ ပြောထားတယ်ဆိုတာကို မမေ့အောင်မှတ်ထားရမှာဖြစ်သလို ဆရာရှင်းပြနေစဉ်မှာလည်း ကိုယ့်မှတ်ဉာဏ်ကို အထောက်အကူဖြစ်အောင် မှတ်စုလိုက်မှတ်ကြဖို့ လိုပါတယ်။

### မေးချင်တာကို ချက်ချင်းမေးရမလား

များသောအားဖြင့်တော့ ဆရာစာသင်နေတုန်းမှာ ကိုယ်မရှင်းတာ၊ ပြောစရာနဲ့ မေးစရာတွေရှိတတ်ကြပါတယ်။ ချက်ချင်းမေးတဲ့အခါ သူများတွေအတွက် အနှောက်အယှက်ဖြစ်နိုင်တာမို့ မှတ်သားထားပြီး သင်ကြားမှုပြီးတဲ့အခါ ပြန်လည်မေးမြန်းတာမျိုးကို လုပ်သင့်ပါတယ်နော်။

### နားလည်သလား၊ ကိုယ့်ကိုယ်ကိုယ်ပြန်မေးပါ

ကလေးတို့ကို သင်ကြားပေးလိုက်သမျှ နားလည်မယ်ဆိုတာတော့ ဖြစ်ချင်မှဖြစ်မှာပါ။ ကိုယ်နားမလည်သေးတာ၊ ရှင်းရှင်းလင်းလင်းသဘော မပေါက်တာတွေရှိနေတာကို မသိတဲ့ကလေးတွေဟာ အသက်ကြီးလာရင်လည်း ကိုယ်ဘာလုပ်သင့်တယ်ဆိုတာကို မသိနိုင်ကြတော့တာမျိုး ရှိပါတယ်။ ဒါကြောင့် ကလေးဘဝကတည်းက သင်ကြားသမျှ နားလည်သလားဆိုတာကို ကိုယ်တိုင်သိထားဖို့ အမြဲကြိုးစားမှသာ လူတော်ကလေးတွေ ဖြစ်လာမှာပါ။

### အချိန်ကို စီမံတတ်အောင်လေ့ကျင့်ပါ

စာကျက်ချိန်၊ စာရေးချိန်၊ စာဖတ်ချိန်၊ ကစားတဲ့အချိန် စသည်ဖြင့် ကလေးတို့က အချိန်တွေကို စနစ်တကျနဲ့ စီမံခန့်ခွဲတတ်ဖို့ လိုပါတယ်။ ဘယ်လောက်ကြာကြာ စာရေးရတယ်၊ အချိန်ဘယ်လောက် ကစားမိတယ်ဆိုတာကို ကလေးတို့ကိုယ်တိုင်သိထားပြီး ကိုယ်တိုင်ခွဲခြားစီမံတတ်မယ်ဆိုရင် ကလေးတို့ဟာ မိဘတွေနဲ့ ဆရာတွေရဲ့ ယုံကြည်မှု၊ လေးစားမှုကိုတောင် ရလာမှာဖြစ်ပါတယ်။ ကလေးတိုင်းဟာ ကိုယ်ဘယ်လောက် ဆော့ကစားနေမိတယ်ဆိုတာကို မသိပေမယ့် စာကို ဘယ်လောက်ကြာကြာ ကျက်ရတယ်ဆိုတာကိုတော့ သိတတ်ကြတယ်။ အမှန်က စာကျက်ချိန်နဲ့ ကစားချိန်၊ အိမ်အလုပ် ကူလုပ်ပေးချိန်နဲ့ အနားယူချိန်တွေကို ကိုယ်တိုင်ခွဲခြားပြီး လုပ်ဆောင်တတ်မယ်ဆိုရင် အကောင်းဆုံးပေါ့ကွယ်။

### ယုံကြည်ရသူတွေကို ပြောပြလိုက်ပါ

ကျောင်းမှာ တစ်နေ့တာကြုံရသမျှကို အိမ်ပြန်ရောက်တဲ့အခါ မေမေ၊ ဖေဖေတို့ဖြစ်ဖြစ် ကလေးတို့က ယုံကြည်ရပြီး ကလေးတို့ကိုလည်း သိပ်ချစ်တဲ့ ဘိုးဘိုး၊ ဘွားဘွားတွေ၊ မမနဲ့ အန်တီတို့တွေကို ပြန်ပြောပြလို့ရပါတယ်။ တစ်နေ့တာကြုံရသမျှမှာ ကောင်းတာရှိသလို ဆိုးတာလည်းရှိနိုင်တယ်လေ။ ကလေးတို့ရဲ့ သူငယ်ချင်းတွေဟာ ချစ်စရာကောင်းတဲ့သူတွေ ဖြစ်တာကို ပြောပြလို့ရသလို အတင်းပြောတတ်တဲ့သူငယ်ချင်း၊ အနိုင်ကျင့်တတ်တဲ့ သူငယ်ချင်းမျိုး ရှိခဲ့ရင်လည်း လူကြီးတွေကို ပြောပြထားတဲ့အတွက် သူတို့ဆီက အကြံဉာဏ်တွေရနိုင်ပြီး ကလေးတို့လည်း ရှောင်ရှားနိုင်တာပေါ့နော်။ ။














ကာတွန်း စမ်းချောင်းကိုကိုအောင်
လုံးလေး၊ မင်းအခု လက်ဝှေ့ထိုးလေ့ကျင့်နေတယ်ဆို...
ဒါကင်္ဂါရဲ့ဖွေးရာပါ ဝါသနာပဲ၊
ငါက၊ ကမ္ဘာ့ကျော် လက်ဝှေ့ချန်ပီယံဖြစ်ချင်တာ၊
ကောင်းတာပေါ့ကွာ၊
လက်ဝှေ့ပြိုင်ပွဲတွေ မှာဝင်ထိုးပါလား
ဘာလဲ၊ မင်းက အားပေးမယ် ပေါ့၊
ဒါပေါ့၊ ငါတို့အိမ်က ဒက်ကြေခေးရောင်း တယ်လေ၊


ဘယ်ကျော်
ငါလာမယ့်တစ်ပတ်ကို ကျောင်းမတက်ရင်ကောင်းမလား လို့.... ဝတုတ်ရ...
ဘာလို့လဲ ဘယ်ကျော်ရ...
မနေ့ကမိဖွေးကဂျာနယ်မှာ ပါတဲ့ဗေဒင်ဟောစာတမ်းကို ငါ့ကို ဖတ်ပြတယ်ကွ...
အဲဒီ...လာမယ့်အပတ်ထဲမှာ ငါကပန္နည်းတွေပျောက်မယ်။ သူ များချောက်တွန်းတာခံရမယ်တဲ့...
ပြီးတော့ ပိုက်ဆံတွေလည်း အလိမ်ခံရမယ်တဲ့။ အို...တစ်ခု မှကိုမကောင်းပါဘူးကွာ
အို... ယကြာချေ လိုက်ရင်ညံ့တာတွေ ကောင်းသွားမှာပါ သူငယ်ချင်းရာ...
ယ...ယကြာက "အစိမ်းရောင် ဝတ်ဆင်ခြင်းမှရှောင်ကြဉ်ပါ" တဲ့ ကွာ...

# မိုဘိုင်းဖုန်းဆော့ဖ်ဝဲနှင့် ရုံးသုံးကွန်ပျူတာဆော့ဖ်ဝဲများ အသုံးပြုနည်း သင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၃၀**

စိုက်ပျိုးရေးဦးစီးဌာန စီမံကိန်း ရေးဆွဲ စိစစ်သုံးသပ်ရေးဌာနခွဲက ဦးဆောင် ကျင်းပသည့် မိုဘိုင်းဖုန်းဆော့ဖ်ဝဲ အသုံးပြုနည်းနှင့် ရုံးလုပ်ငန်းသုံး ကွန်ပျူတာဆော့ဖ်ဝဲများ အသုံးပြုနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာလ နောက်ဆုံးပတ်က နေပြည်တော် ရုံးအမှတ်(၄၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနက နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ တောင်သူများအား နည်းပညာဖြန့်ဝေပေးခြင်း၊ ဈေးကွက်နှင့် သတင်းအချက်အလက်ဆိုင်ရာ ဖြန့်ဝေပေးခြင်း စသည့် လုပ်ငန်းများတွင် လည်းကောင်း ခေတ်မီဒစ်ဂျစ်တယ် နည်းပညာများကို အသုံးပြုခြင်းဖြင့် လုပ်ငန်းများ လျင်မြန်သွက်လက် ထိရောက်စေရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ICT အခြေခံပြုသည့် Smart Agriculture, E-Agriculture အဖြစ် ဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်တစ်ခု ဖြစ်သည့် မိမိတို့ဝန်ထမ်းများ၏ ICT နည်းပညာများ ကျွမ်းကျင်မှုတိုးတက်မြင့်မားလာစေရန်ယခုကဲ့သို့ သင်တန်းများ ဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောသည်။



မိုဘိုင်းဖုန်းဆော့ဖ်ဝဲအသုံးပြုနည်းနှင့် ရုံးလုပ်ငန်းသုံးကွန်ပျူတာဆော့ဖ်ဝဲများ အသုံးပြုနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ သင်တန်းတက်ရောက်လေ့လာကြမည့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ပို့ချပေးခြင်း ဖြစ်သည်။ **ဇူလိုင်မိုး**

# နွားထိုးကြီးမြို့နယ် ရေလှောင်တမံများ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုစီမံချက်ရှင်းလင်း

**နွားထိုးကြီး နိုဝင်ဘာ ၃၀**

နွားထိုးကြီးမြို့နယ်တွင် ရေလှောင်တမံများ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု စီမံချက်ရှင်းလင်းပွဲကို နိုဝင်ဘာလစတုတ္ထပတ်က ခက်လန်းရေလှောင်တမံ၌ ကျင်းပသည်။

စီမံချက်ရှင်းလင်းပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်းက အမှာစကားပြောကြားပေးပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်မြင့်သိန်းက အရေးပေါ်အခြေအနေကြိုတင်စီမံခန့်ခွဲမှု စီမံချက်ရေးဆွဲထားရခြင်းအကြောင်းနှင့် အရေးပေါ်အခြေအနေ အဆင့်သုံးဆင့်အလိုက် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်အလံများ လွှင့်ထူရမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ခက်လန်းရေလှောင်တမံ ကန်နားကန်၊ မြိုင်သာကန်တို့၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်စာအုပ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်းထံ လွှဲပြောင်းပေးအပ်သည်။

စီမံခန့်ခွဲမှု စီမံချက်များထဲတွင် ရေလှောင်တမံနှင့် ရေကန်များတွင် မိုးရာသီအတွင်း ရေကြီးရေလျှံမှုနှင့် ငလျင်လှုပ်ခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ရေလှောင်တမံနှင့်ကန်များ၊ ဆက်စပ်အဆောက်အအုံများ ကျိုးပေါက်ပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ ဆောင်ရွက်နိုင်ရေး၊ အရေးပေါ်အခြေ အနေဖြစ်ပေါ်လာပါက တမံအောက်ရှိပြည်သူများ ထိခိုက်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပတ်သက်ဆက်စပ်သည့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကြိုတင်စီမံခန့်ခွဲဆောင်ရွက်နိုင်ရေးများ ပါဝင်ကြောင်း သိရသည်။ **ဌေးမြင့်မောင်**

# ရွှေတောင်မြို့နယ်၌ စာဖတ်ဝိုင်းပြုလုပ်

**ရွှေတောင် နိုဝင်ဘာ ၃၀** - ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်းမှ ပြည်သူများ စာဖတ်ရှိန် မြှင့်တင်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ဝိုင်းကို မြို့နယ်ပြန်/ဆက်ရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ နိုဝင်ဘာလနောက်ဆုံးပတ်က ပြုလုပ်ခဲ့ရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာဖတ်ဝိုင်းပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆရာအောင်သင်း၏ "နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ" စာအုပ်ကို စာရေးဆရာမ အေပရယ်ယုနိုင်နှင့် Book Club အဖွဲ့ဝင်များက ဝိုင်းဝန်းဖတ်ရှုဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



စက်မှုလယ်ယာဦးစီးဌာနက ပေးအပ်သော လက်တွန်းထွန်စက်နှစ်စီးအား တာဝန်ရှိသူတို့ ကြည့်ရှုစစ်ဆေးစဉ်။

# ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်မိသားစုများ၏ လယ်ယာလုပ်ငန်းများတွင် အသုံးပြုရန် လက်တွန်းထွန်စက်နှစ်စီး လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ငြိမ်းချမ်းရေးကောင်စီဦးဆောင်သည့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်မိသားစုများ၏ အသက်မွေးဝမ်းကျောင်းနှင့် ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု လယ်ယာလုပ်ငန်းများတွင် အသုံးပြုရန် လယ်ယာ (၂၂) လက်တွန်းထွန်စက် နှစ်စီး လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ နောက်ဆုံးပတ်က ကရင်ပြည်နယ် ကော့ကရိတ် စက်မှုလယ်ယာစခန်းစွယ်၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လယ်ယာ (၂၂) လက်တွန်းထွန်စက် နှစ်စီးကို လွှဲပြောင်းပေးအပ်ရာ KNU/KNLA-PC ဗဟိုဌာနချုပ်မှ စိုက်ပျိုးရေးတာဝန်ခံက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

နိုဝင်ဘာ ၁၇ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အဖွဲ့သည် ကော့ကရိတ်မြို့နယ် နော်တယာရှိ KNU/KNLA-PC ဗဟိုဌာနချုပ်သို့ ရောက်ရှိစဉ် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်မိသားစုများ၏ တောင်းဆိုချက်နှင့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်မိသားစုများ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် ရေရှည်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးရန် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ လယ်ယာလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော လယ်ယာ (၂၂) လက်တွန်းထွန်စက် နှစ်စီးကို စက်မှုလယ်ယာဦးစီးဌာနက ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀-၁၁-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၄၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၇၀ ကျပ် | ၉၆၅/၉၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၀/၉၈၅ ကျပ် | ၉၈၀/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၀၀ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၅ ကျပ် | ၁၀၄၀/၁၀၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၀၈ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၀ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၄ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၇ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၇၇ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၂ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၄ . ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၀၀၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၁ . ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၉၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၁၄၀ | ၁၆၇၄၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၇၄၇ | ၂၈၈၆၈၀၀ |
| MCB | ၈၃၀၀ | - | - | - |
